# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# သတ္တမနေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
## (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး က တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၂) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၃) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၁ ရက်၊

(၄) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းတင် ခွင့် ၁ ရက်၊

(၆) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၇) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၁ ရက်၊

(၈) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများ သိရှိလိုသည့် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများအား နိုင်ငံသား ဟုတ်/မဟုတ် စိစစ်မှုပြုလုပ်နေခြင်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရှင်းလင်းတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများ သိရှိလိုတဲ့ ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများအား နိုင်ငံသားဟုတ်/မဟုတ် စိစစ်မှုပြုလုပ်နေခြင်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရှင်းလင်းတင်ပြရန်ဖြစ်တဲ့အတွက် ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကြီးများ၊ ဧည့်သည် တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်းနှင့် ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေ ကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် ရှင်းလင်းတင်ပြရမည့်ကိစ္စရပ်ဟာ ဥပဒေအကိုးအကားဖြင့် ရှင်းလင်းရမည်ဖြစ်ပါ၍ အချိန် ၂၅ မိနစ်ခန့်ကြာမည်ဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌကြီးထံ ကြိုတင်တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေက ဘင်္ဂါလီ များအား ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေဖြင့် နိုင်ငံသားဟုတ်/မဟုတ်စိစစ်ရာတွင် ဖျက်သိမ်းပြီး ဖြစ်သည့် ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေပုဒ်မအချို့ကို အဓိကဖော်ပေး၍ စိစစ်မှု များပြုလုပ်နေသဖြင့် ဒေသခံပြည်သူ ၁၁၅၃ ဦးက မကျေနပ်၍ လက်မှတ်ရေးထိုး တင်ပြတိုက်တန်း လာကြောင်း၊ ဤကဲ့သို့ ဖျက်သိမ်းပြီးဖြစ်သည့်ဥပဒေကို ပြန်လည်အသုံးပြုရခြင်းအကြောင်းအရင်းနှင့် ယင်းသို့ အသုံးပြုခြင်းကြောင့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ၏ အနှစ်သာရကို ထိခိုက်မှုရှိ/မရှိ ကို ပြန်လည်သုံးသပ်မှုမရှိဘဲ အတင်းအကြပ်အကောင်အထည်ဖော်နေမည်ဆိုပါက ဤလုပ်ရပ်ကြောင့် ဘင်္ဂါလီဟူသမျှ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ အလွယ်တကူဖြစ်လာမည့်အရေးကို ဒေသခံရခိုင် လူမျိုးများ အလွန်စိုးရိမ်သောကရောက်လျက်ရှိနေကြကြောင်း၊ ဘင်္ဂါလီလူမျိုးများနှင့်ပတ်သက်၍ အတိတ်တွင် မှားယွင်းအားနည်းမှုများစွာရှိခဲ့သကဲ့သို့ ယခုကာလ နိုင်ငံသားစိစစ်ရေးတွင် ထပ်မံ မှားယွင်းအားနည်းမှုများ မဖြစ်ပေါ်လာနိုင်စေရေးအတွက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှ လိုအပ်သလိုကူညီဆောင်ရွက်ပေးနိုင်ပါရန် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် ရက်စွဲပါစာဖြင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူပြီးတင်ပြခဲ့ပါတယ်။

အဆိုပါတင်ပြစာနှင့်အတူပဲ ဘူးသီးတောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူ ၁၁၅၃ ဦးတို့မှ လက်မှတ်ရေးထိုး၍ ကန့်ကွက်စာအား ပူးတွဲလည်း တင်ပြထားရှိခဲ့ပါတယ်။ အဆိုပါပူးတွဲတင်ပြသော ကန့်ကွက်စာမှာ အချက်လေးချက်ပါဝင်ပါတယ်။ ပထမအချက်အနေနဲ့ကတော့ ဘင်္ဂါလီလူမျိုးများကို မြန်မာနိုင်ငံသားဥပဒေဖြင့် နိုင်ငံသားစိစစ်မှုပြုလုပ်ရာတွင် ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)တို့အရ ဘင်္ဂါလီများကို နိုင်ငံသားရစေရန် လိုရာကိုဆွဲထုတ်ပြီး ၁၉၄၇ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁

ပုဒ်မခွဲ(ခ)ဖြင့်လည်းကောင်း၊ ရုပ်သိမ်းပြီးဖြစ်သော ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄ (၂) ဖြင့်လည်းကောင်း စိစစ်ခဲ့၍ ၂၀၁၄ ခုနှစ် မြေပုံမြို့နယ်တွင် ဘင်္ဂါလီ ၂၀၉ ဦး၊ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူအဖြစ် ရရှိသွားခြင်းဖြစ်သည်ဟု ရခိုင်ပြည်သူများမှ အခိုင်အမာ ယုံကြည်ကြောင်း၊ ဆက်လက်၍လည်း အသုံးပြုနေကြောင်း တင်ပြခဲ့ပါတယ်။

နံပါတ်(၂) အချက်အနေဖြင့် ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဃ)နှင့် ခြွင်းချက်ပါ ပြဋ္ဌာန်းထားသောအပိုဒ်ကို ချန်လှပ်ထားပြီး ပုဒ်မ ၁၄ ပုဒ်မခွဲ(ခ) အရ ၁၉၄၈ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဆိုင်ရာဥပဒေများကို ဆက်လက်ကျင့်သုံးရန် ဆောင်ရွက်နေမှုအပေါ် ရပ်ဟန်းရှင်လူပြည်သူတစ်ရပ်လုံးက စိုးရိမ်သံသယဖြစ်မိကြောင်း၊ ပုဒ်မ ၁၅ အရ ရုပ်သိမ်းပြီးသော ဥပဒေနှစ်ရပ်ကို လုံးဝဆက်လက်အသုံးပြု၍မရတော့သည်မှာ အထင်အရှားဖြစ်ပါကြောင်း ဖော်ပြထား ပါတယ်။ နံပါတ်(၃)အချက်အနေဖြင့် ရုပ်သိမ်းထားပြီးသော နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥပဒေနှစ်ရပ်ကို လက်ခံကျင့်သုံးဆောင်ရွက်နေခြင်းမှာ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ(င) တည်ဆဲဥပဒေတို့နှင့် လုံးဝဆန့်ကျင်နေသည့်အတွက် ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း ပါရှိပါတယ်။ နံပါတ်(၄)အချက်အနေဖြင့်ကတော့ ၂၀၁၄ ခုနှစ်၊ သန်းခေါင်းစာရင်း၌ ဘင်္ဂါလီအမည်ဖြင့် စာရင်းအကောက်ခံသည့် ဘင်္ဂါလီများကိုသာ မြန်မာနိုင်ငံသားဥပဒေအတိုင်း တိတိကျကျမှန်မှန် ကန်ကန် စေ့စပ်သေချာစွာဖြင့် လက်ခံစိစစ်မှုဆောင်ရွက်ပါရန် တောင်းဆိုပါကြောင်း ဖော်ပြပါရှိသည် ကို တွေ့ရပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြချက်ကို စိစစ်ရာမှာ နိုင်ငံသားဖြစ်မှုကို ဥပဒေနှင့်တိုင်းတာစိစစ်ရာ၌ ပြဋ္ဌာန်းထားသော ဥပဒေများအပေါ် အယူအဆ လွဲမှားနေခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ မိမိဝန်ကြီးဌာနဟာ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သော ဥပဒေများကို ကိုင်တွယ်ကျင့်သုံးရသည့် ဝန်ကြီးဌာနဖြစ်ပါတယ်။ ဥပဒေနှင့်အညီ ဆောင်ရွက်ရာမှာ လည်း ဥပဒေဖော်ပြချက်များအပေါ် မှာ အယူအဆများ၊ ဥပဒေရှုထောင့်များနှင့်ပတ်သက်၍ ဒွိဟဖြစ်စေ သောအချက်များရှိပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမေးမြန်းပြီးမှသာ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း ကနဦးကြိုတင်ရှင်းလင်းတင်ပြလိုပါတယ်။ ပထမဦးစွာ မြန်မာနိုင်ငံသား ဥပဒေမတိုင်မီက နိုင်ငံသားဖြစ်ခြင်းနှင့်သက်ဆိုင်သည့် ဥပဒေများကို ရှင်းလင်းသွားမှာဖြစ်ပါတယ်။ လူတစ်ဦးတစ်ယောက် နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းဆိုသည်မှာ အသက်တမျှအရေးကြီးသောကိစ္စ ဖြစ်၍ အလွယ်တကူမှတ်ချက်ပေးရန်မသင့်ပါကြောင်း ယူဆပါတယ်။ အထူးသဖြင့် လူမျိုးရေးကိုသော်

လည်းကောင်း၊ ဘာသာရေးကိုသော်လည်းကောင်း၊ လူအများစု၊ လူအနည်းစု အနေအထားကိုသော် လည်းကောင်း အခြေခံထားတဲ့ထင်မြင်ချက်များ၊ ကန့်ကွက်ချက်များဟာ တစ်ဖက်သတ်အမြင်များ ဖြစ်တာကြောင့် အမှန်တရားနှင့် ကွဲလွဲစေရုံသာမက နောက်ဆက်တွဲဆိုးကျိုးများလည်း ဖြစ်စေတတ်တဲ့ သဘောရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။ ထို့ကြောင့် နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်တဲ့ ရှေ့နောက် ဆက်စပ်သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံသားဖြစ်ခြင်းနှင့် ဆိုင်သော ဥပဒေဖော်ပြချက်များကို ပထမဦးစွာ ရှင်းလင်းတင်ပြပါမယ်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးအခြေခံဥပဒေဖြစ်သည့် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်၍ ပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၁ ပုဒ်မခွဲ (က)မှာ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား မြန်မာနိုင်ငံသားဖြစ်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)တွင် ဘိုးဘွားများအနက် အနည်းဆုံးတစ်ဦးမှ မြန်မာနိုင်ငံအာဏာပိုင်နက်အတွင်း၌ မွေးဖွားသူများကို မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဂ)တွင် တိုင်းရင်းသားအဖြစ်ကို ရယူခွင့်ရှိသော မိဘနှစ်ပါးမှ မွေးဖွားသူများအတွက်လည်းကောင်း၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)တွင် နိုင်ငံသားအဖြစ် ရွေးချယ်ခြင်းကို ထုတ်ဖော်သူများအတွက်လည်းကောင်း မြန်မာနိုင်ငံ သားဖြစ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအပေါ် မူတည်ပြီး ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး)အက်ဥပဒေနှင့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှုအက်ဥပဒေ နှစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ထိုဥပဒေနှစ်ရပ်တွင် နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက် သည့် ပြဋ္ဌာန်းချက်များကို ဆက်လက်ရှင်းလင်းသွားမှာဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာ နိုင်ငံသားအဖြစ် (ရွေးချယ်ရေး)အက်ဥပဒေဟာ လွတ်လပ်တဲ့နိုင်ငံဘဝသို့ ကူးပြောင်းသည့် စပ်ကူးမတ်ကူးကာလမှာ မြန်မာနိုင်ငံသားအဖြစ် ရွေးချယ်ခံယူလိုသူက ခံယူပိုင်ခွင့်ရှိစေရန် ရည်ရွယ်ပြီးတော့မှ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းသက်တမ်းကာလဟာ ၁၉၅၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိသာ ဖြစ်ပါတယ်။ သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ဆက်လက်ကျင့်သုံးခြင်းမရှိတော့ပါ။ ယင်းအက်ဥပဒေအရ မြန်မာနိုင်ငံသားအဖြစ်ကို ရရှိခဲ့ကြသူများလည်း ရှိကြပါတယ်။ နောက်ဥပဒေ တစ်ခုဖြစ်တဲ့ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေဟာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ အာဏာတည်ခဲ့ပြီးတော့မှ ယင်းဥပဒေပါ နိုင်ငံသားဖြစ်ခြင်းအနေဖြင့် သတ်မှတ်ချက်နှစ်မျိုး တွေ့ရှိရမှာဖြစ်ပါတယ်။ ပထမအမျိုးအစားအနေဖြင့် ပုဒ်မ ၄ (၂)တွင် မြန်မာ

နိုင်ငံအတွင်း ဘိုးဘွားအားလုံးလက်ထက်မှစ၍ မျိုးဆက်မပြတ် ထာဝစဉ်အခြေခံစိုက်နေထိုင်လာပြီး မိမိနှင့် မိဘနှစ်ပါးတို့သည် မြန်မာနိုင်ငံအတွင်း မွေးဖွားသူဖြစ်လျှင် မြန်မာနိုင်ငံသားဖြစ်သည်ဟု မှတ်ယူရမည်ဟုလည်းကောင်း၊ ပုဒ်မ ၅ ပုဒ်မခွဲ(က)တွင် မြန်မာနိုင်ငံသား မိဘတစ်ပါးပါးမှ နိုင်ငံတွင် မွေးဖွားသောသူသည် နိုင်ငံသားဖြစ်ရမည်။ သို့ရာတွင် အဖသည် နိုင်ငံခြားသားဖြစ်ခဲ့သော် အရွယ် ရောက်ပြီး တစ်နှစ်အတွင်း ကျမ်းသစ္စာကျိန်ဆိုရမှာဖြစ်ပြီး ပျက်ကွက်ပါက နိုင်ငံသားအဖြစ်မှ ရပ်စဲရ မည်ဟုလည်းကောင်း၊ ပုဒ်မ ၉ (၂)တွင် နိုင်ငံသားလက်မှတ်တွင် အမည်ပါဝင်သော သားသမီးများ သည် နိုင်ငံသားအဖြစ်ကို ရသင့်ရမည်ဟု မှတ်ယူရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ အဆိုပါပုဒ်မ ၄၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များတွင် ပါရှိသော မြန်မာနိုင်ငံသားဖြစ်သည်ဟု မှတ်ယူရမည်၊ မြန်မာနိုင်ငံသားဖြစ်ရမည် ဆိုသည့်စကားရပ်များသည် အဆိုပါပုဒ်မများနှင့် အကျုံးဝင် မည့်သူများအား လျှောက်ထားရန်မလိုဘဲ မြန်မာနိုင်ငံသားဖြစ်ကြောင်း အတိအလင်းဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒုတိယအမျိုးအစားအနေဖြင့် နိုင်ငံသားမဟုတ်သူများအတွက် ဖြစ်ပါတယ်။ ပုဒ်မ ၇(၁) တွင် နိုင်ငံခြားသားတစ်ဦးသည် သတ်မှတ်ထားသော အရည်အချင်းနှင့်ကိုက်ညီလျှင် နိုင်ငံသားပြုလက်မှတ် ကို လျှောက်ထားနိုင်ခြင်း၊ ပုဒ်မ ၁၁(၁)တွင် မြန်မာနိုင်ငံသားအမျိုးသားနှင့် အိမ်ထောင်ပြုသော ဇနီးသည် နိုင်ငံသားလက်မှတ်ရယူလိုကြောင်း လျှောက်ထားနိုင်ခြင်း၊ ပုဒ်မ ၁၂(၃)တွင် မြန်မာနိုင်ငံ အတွင်းမွေးဖွားသော အကျင့်စာရိတ္တကောင်းပြီး အရည်အချင်းချို့ငဲ့သူ မဟုတ်သောသူများ လျှောက်ထားနိုင်ခြင်း၊ ပုဒ်မ ၁၃ တွင် မြန်မာနိုင်ငံ၏ လက်နက်ကိုင်အဖွဲ့များတွင် (၃)နှစ်ထက်မနည်း သစ္စာရှိစွာ အမှုထမ်းခဲ့သောသူများ လျှောက်ထားနိုင်ခြင်းတို့ဖြစ်ပါတယ်။ ဒုတိယအမျိုးအစားမှာပါဝင် တဲ့ ပုဒ်မများဟာ နိုင်ငံသားမဟုတ်သူများမှ လျှောက်ထားရန်လိုအပ်ပြီး ဝန်ကြီးက နိုင်ငံသားအဖြစ် သတ်မှတ်ပေးသူများ ဖြစ်ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ အကျဉ်းချုပ်အနေဖြင့်တင်ပြရရင် မြန်မာနိုင်ငံသားဥပဒေမတိုင်မီ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁ နှင့် အကျုံးဝင်သူများ၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသား အဖြစ် (ရွေးချယ်ရေး)အက်ဥပဒေအရ နိုင်ငံသားအဖြစ် ရွေးချယ်ခံယူခဲ့သဖြင့် နိုင်ငံသားလက်မှတ် ကိုင်ဆောင်ထားသောသူများ၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၉ နှင့် အကျုံးဝင်သူများနှင့် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု

အက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့အရ နိုင်ငံသားလက်မှတ်နှင့် နိုင်ငံသားပြုမှု လက်မှတ်ကိုင်ဆောင်ထားသူများ စသည်တို့ဟာ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ မပေါ်မီက နိုင်ငံသားများဖြစ်ခဲ့ကြသူများဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံသားဥပဒေကို ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၁၉၈၃ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံသားဥပဒေပါ နိုင်ငံသားဖြစ်ခြင်းအခန်းတွင် ပုဒ်မ ၃၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇ တို့ပါဝင်ပြီး ဧည့်နိုင်ငံသားဖြစ်ခြင်းအခန်းတွင် ပုဒ်မ ၂၃၊ ပုဒ်မ ၂၅ နှင့် နိုင်ငံသားပြုခွင့်ရသူအခန်းတွင် ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၇ တို့ဖြင့် နိုင်ငံသားအမျိုးအစား(၃)မျိုးကို သက်ဆိုင်သည့် ဥပဒေပုဒ်မ ပြဋ္ဌာန်းချက်များဖြင့် အသီးသီးပြဋ္ဌာန်းထားပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် ဒီပုဒ်မများကို အကျယ်တဝင့် မရှင်းပြတော့ဘဲ တင်ပြကန့်ကွက်စာတွင်ပါတဲ့ ပုဒ်မများကို အဓိကထား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ပဋိပက္ခဖြစ်ပွားပြီးတဲ့နောက်ပိုင်း နိုင်ငံတကာအသိုင်းအဝန်းနှင့် ဒေသခံရခိုင်တိုင်းရင်းသားများ၏ ကျောက်ဖြူညီလာခံ ဆုံးဖြတ်ချက်များပါ ဘင်္ဂါလီလူမျိုးများအား မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ပေးရန် တောင်းဆိုမှုများကြောင့်လည်းကောင်း၊ နိုင်ငံသားစိစစ်ပေးရန် လျှောက်ထားလာပါက မိမိဝန်ကြီးဌာန၏ စိစစ်ပေးရမည့် တာဝန်အရလည်းကောင်း ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို မြေပုံမြို့နယ်မှာ စမ်းသပ်နယ်မြေသတ်မှတ်ပြီးတော့မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ တရားဝင်အိမ်ထောင်စုစာရင်းဖြင့် နေထိုင်သူ မည်သူမဆို နိုင်ငံသားစိစစ်ပေးရန် လျှောက်ထားလာပါက တည်ဆဲဥပဒေဖြင့် လက်ခံဆောင်ရွက်ပေးရမည်မှာ မိမိဝန်ကြီးဌာန၏ တာဝန်သာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တွင်လည်း ဘင်္ဂါလီလူမျိုးဟု ဖော်ပြပြီး လာရောက်လျှောက်ထားလာပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၆ နှင့်အညီ နိုင်ငံသားဖြစ်ခြင်းကို ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း လက်ခံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ကန့်ကွက်စာပါ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၌ ဘင်္ဂါလီအမည်ဖြင့် စာရင်းအကောက်ခံသည့် ဘင်္ဂါလီများကိုသာ မြန်မာနိုင်ငံသားဥပဒေအတိုင်း လျှောက်လွှာများအား လက်ခံစိစစ်မှု ဆောင်ရွက်ပေးပါရန်ဆိုသည့် တင်ပြကန့်ကွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန့်ကျင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

မိမိဝန်ကြီးဌာနဟာ မြန်မာနိုင်ငံသားဥပဒေကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်ပြီး မိမိဝန်ကြီးဌာန ဝန်ထမ်းများမှ လျှောက်ထားလာသူများကို စိစစ်လက်ခံ၍ မြန်မာနိုင်ငံသား

ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးလျက်ရှိပါတယ်။ သို့သော် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားဖြစ်မှုကို စိစစ်ရာတွင် မှားယွင်းမှုမရှိစေရန်၊ ခိုင်မာစွာစိစစ်ရမည့်သူများ ဖြစ်ကြသည့်အတွက် မိမိဌာနဝန်ထမ်းများမှ စိစစ်ဆုံးဖြတ်ခြင်းမပြုခဲ့ပါ။ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၆၅ တွင် ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် အဆုံး အဖြတ်ခံယူရန် အကြောင်းကိစ္စပေါ်ပေါက်လာပါက ဗဟိုသို့ လျှောက်ထားနိုင်သည်ဟု ဖော်ပြချက် နှင့်အညီသာ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားဆုံးဖြတ်ခံယူရန် လျှောက်ထားမှုကို မိမိဌာနမှ လျှောက်လွှာစိစစ်လက်ခံပြီး ရုံးမှတ်တမ်းအထောက်အထားများနှင့် တိုက်ဆိုင်စိစစ်၍ အမှုတွဲတည်ဆောက်ခြင်းများ ဆောင်ရွက်ပြီးပါက မြို့နယ်အဆင့်နိုင်ငံသား စုံစမ်း စစ်ဆေးရေးအဖွဲ့သို့ တင်ပြရပါတယ်။ ၎င်းမြို့နယ်အဆင့် နိုင်ငံသားစုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ တစ်ဦး ချင်းခေါ်ယူစိစစ်ပြီး သဘောထားမှတ်ချက်များနှင့်အတူ ပြည်နယ်အဆင့် နိုင်ငံသားစုံစမ်း စစ်ဆေးရေး အဖွဲ့သို့ တင်ပြရပါတယ်။ ပြည်နယ်အဆင့်နိုင်ငံသား စုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ ထပ်မံစိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာန(ရုံးချုပ်)သို့ ပေးပို့ပြီး ဦးစီးဌာန(ရုံးချုပ်)မှ မြန်မာနိုင်ငံသား ဥပဒေနှင့် ညီ/မညီ ထပ်မံစိစစ်ပြီးတော့မှ ဗဟိုအဖွဲ့ထံ တင်ပြရပါတယ်။ တင်ပြလာသော အမှုတွဲများကို ဗဟိုအဖွဲ့ဟာ ဥပဒေနှင့်အညီဆုံးဖြတ်ပြီး ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်းသာ မိမိဌာနမှ ကတ်ပြားများ ထုတ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်အဆင့်နိုင်ငံသား စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဘင်္ဂါလီကိုယ်စားလှယ်၊ ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်များ၊ လဝက မြို့နယ်ဦးစီးဌာနမှူးတို့ပါဝင် သောအဖွဲ့ဖြင့် ဖွဲ့စည်းပြီးတော့မှ စိစစ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ထို့အတူပဲ ပြည်နယ်အဆင့် နိုင်ငံသားစုံစမ်းစစ်ဆေးရေးအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဘင်္ဂါလီကိုယ်စားလှယ်၊ ရခိုင်လူမျိုးကိုယ်စားလှယ် များနှင့် လဝက ပြည်နယ်ဦးစီးဌာနမှူးတို့မှ ပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းပြီးတော့မှ စိစစ်ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါတယ်။ နောက်ဆုံးအဆင့် ဆုံးဖြတ်ပေးရမည့် ဗဟိုအဖွဲ့ဟာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီး ဌာန စသည့် ဝန်ကြီးဌာများမှ ပြည်ထောင်စုဝန်ကြီးများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဆိုလိုသည်မှာတော့ မြေပုံမြို့နယ်အပါအဝင် ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားဖြစ်မှု

စိစစ်ခြင်းကို မိမိဝန်ကြီးဌာန တစ်ခုတည်းမှ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆၅ နှင့် မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေကျွမ်းကျင်သူများ၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများ၊ ဒေသခံရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်များ၊ လျှောက်ထားသူများနှင့်ပတ်သက်သည့် ဘင်္ဂါလီလူမျိုးကိုယ်စားလှယ်များဖြင့် ဘက်စုံထောင့်စုံမှပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များမှ ပူးပေါင်းဆောင်ရွက်ပြီး မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် သဘောထားမှတ်ချက်များဖြင့် တင်ပြလာမှုအပေါ်မှာ စစ်ရေးအမြင်၊ နိုင်ငံတကာအမြင်၊ လုံခြုံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသည့် ပြည်ထောင်စုဝန်ကြီးများ ပါဝင်သော ဗဟိုအဖွဲ့မှ ဆုံးဖြတ်ချက်ပေးခြင်းဖြစ်ပြီး ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူပြီးမှသာ နိုင်ငံသားဟုတ်/မဟုတ် ဆောင်ရွက်ရသည့် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ် (National Verification Process)ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ကန့်ကွက်တင်ပြချက်မှာပါရှိသည့် ဥပဒေအယူအဆများနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြသွားပါမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားဖြစ်ခြင်းအတွက် ပုဒ်မ (၄)ခု၊ ဧည့် နိုင်ငံသားဖြစ်ခြင်းအတွက် ပုဒ်မ(၂)ခုနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းအတွက် ပုဒ်မ(၄)ခု ပြဋ္ဌာန်းထားပါတယ်။ ဘင်္ဂါလီလူမျိုးများဟာ နိုင်ငံသားစိစစ်ရာမှာ မြန်မာနိုင်ငံသားဥပဒေ အာဏာတည်သည့်နေ့ဖြစ်သည့် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီ မွေးဖွားသောသူများအား ပုဒ်မ ၆ ဖြင့်လည်းကောင်း၊ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့နောက်ပိုင်း မွေးဖွားသောသူများအား ပုဒ်မ ၇ ဖြင့်လည်းကောင်း တိုင်းတာစစ်ဆေးရပါတယ်။ ရခိုင်ပြည်နယ်က ဘင်္ဂါလီများစစ်ဆေးရာမှာ နိုင်ငံသားဖြစ်ခြင်းအတွက် ပုဒ်မ ၆၊ နိုင်ငံသားဖြစ်ခွင့်ရသူဖြစ်ခြင်းအတွက် ပုဒ်မ ၄၂၊ ၎င်းပုဒ်မ (၂)ခုဖြင့်သာ အကျုံးဝင်ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆ တွင် ဤဥပဒေအာဏာတည်သည့် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ အထက်မှာ ကျွန်တော်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့် အတိုင်း မြန်မာနိုင်ငံသားဥပဒေမပေါ်မီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ရုပ်သိမ်းပြီးဖြစ်သော နိုင်ငံသားအက်ဥပဒေ နှစ်ရပ်အရ နိုင်ငံသားဖြစ်ပြီးသူများသည် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၆ အရ နိုင်ငံသားအဖြစ် ဆက်လက်ရပ်တည်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ထို့အတူ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၇ တွင် အခြေခံဥပဒေပုဒ်မ ၁၄၅ ပုဒ်မခွဲ(ခ)အရ အခြေခံဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူများသည်

နိုင်ငံသားများဖြစ်ကြသည်။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရသော်လည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ် ရွေးချယ်ရေးအက်ဥပဒေအရသော်လည်းကောင်း မြန်မာနိုင်ငံသား ဥပဒေအာဏာတည်သည့် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီ နိုင်ငံသားများ ဖြစ်လာကြသူများရှိကြသည်။ ထိုသူများသည် မွေးရာပါနိုင်ငံသားများ မဟုတ်ပါ။ ထိုသို့မွေးရာပါနိုင်ငံသားများမဟုတ်ဘဲ နိုင်ငံသားဖြစ်လာကြသူများသည်လည်း နိုင်ငံသားများဖြစ်ကြောင်း ဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားခြင်းဖြစ်သည်ဟု ပါရှိတာကြောင့် ရုပ်သိမ်းထားပြီးဖြစ်သော ဥပဒေအရ နိုင်ငံသားဖြစ်ပြီး သူများသည်လည်း ပုဒ်မ ၆ အရ နိုင်ငံသားများဖြစ်ကြောင်း အတိအလင်းဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားဥပဒေအာဏာတည်သည့်နေ့နောက်ပိုင်းမွေးဖွားလာသည့်သူများသည် ရုပ်သိမ်းပြီးသော ဥပဒေပုဒ်မ ၄၂ ဖြင့် သက်ဆိုင်ခြင်းမရှိပါ။ ၎င်းတို့အား ပုဒ်မ ၇ ဖြင့် တိုင်းတာရမည်ဖြစ်ပါသည်။ သို့သော်လည်း ထိုသူများ၏ မိဘများအား နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ နိုင်ငံခြားသားစသည့် တစ်ခုခုကို ရရှိထားသူများဖြစ်ကြပါသည်။ ဘင်္ဂါလီများ၏မိဘများဟာ ထိုအချက်နှင့်ကိုက်ညီခြင်းမရှိသဖြင့် ၎င်းတို့အား စိစစ်တင်ပြခြင်းမရှိပါကြောင်းနှင့် ၎င်းတို့မိဘများရရှိမှသာ ဆက်လက်ဆောင်ရွက်သွားမည့်သူများဖြစ်ကြပါတယ်။ ထို့ကြောင့် ကန့်ကွက်စာမှာ ဖျက်သိမ်းပြီးဖြစ်သော ဥပဒေများကို ပြန်လည်အသုံးပြုရခြင်းကြောင့် မြန်မာနိုင်ငံသားဥပဒေ၏ အနှစ်သာရကို ထိခိုက်မှုရှိ/မရှိကို ပြန်လည်သုံးသပ်မှုမရှိဘဲ အတင်းအကြပ် အကောင်အထည်ဖော်နေသည်ဟု စွပ်စွဲကန့်ကွက်ခြင်းအား မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆ လုပ်ထုံးလုပ်နည်း အပိုဒ် ၇ တို့အရ ဆောင်ရွက်ရမည်ကို သိရှိနားလည်မှု အယူအဆမှုများလွဲမှားနေခြင်းကြောင့်သာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကန့်ကွက်စာမှာ ၁၉၇၉ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆို၍ ဥပဒေပုဒ်မ ၁၄(က)၊ (ခ)၊ (ဂ) တို့ကို ဆွဲထုတ်လျက် ဘင်္ဂါလီများနိုင်ငံသားဖြစ်ရေးတွင် လိုရာဆွဲသုံးပြီး ပုဒ်မ ၁၄(ဃ) ခြွင်းချက်နှင့် ပုဒ်မ ၁၅ တို့တွင် ပြဋ္ဌာန်းထားသော အပိုဒ်ကို ချန်လှပ်ထားပြီး ဆောင်ရွက်နေကြောင်းဆိုသည့် ကန့်ကွက်ချက်အပေါ်မှာ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၁၄(ခ) တွင် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားဥပဒေတစ်ရပ်ရပ်အဖြစ်ရုပ်သိမ်းလျှင် ယင်းသို့ရုပ်သိမ်းခြင်းမပြုမီက ရုပ်သိမ်းခြင်းခံရသော ဥပဒေပြဋ္ဌာန်းချက်အရ ရရှိခဲ့သည့် ရပိုင်ခွင့် သို့မဟုတ် အခွင့်အရေးကိုလည်းကောင်း ဆောင်ရွက်ခဲ့ရ

သည့်တာဝန်နှင့် ကျခံနေရသည့်ကြွေးမြီတို့ကိုလည်းကောင်း၊ မထိခိုက်စေရဟု ပြဋ္ဌာန်းထားပါတယ်။ ထို့ကြောင့် ရုပ်သိမ်းပြီးဖြစ်သော နိုင်ငံသားဥပဒေများအရ နိုင်ငံသားအဖြစ်ရပိုင်ခွင့်ရှိထားတဲ့သူများရဲ့ နိုင်ငံသားဖြစ်ခြင်းကို မထိခိုက်သောကြောင့် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆ တွင် ထည့်သွင်းဖော်ပြထားခြင်းပဲ ဖြစ်ပါတယ်။ တဖန် ကန့်ကွက်စာတွင် ချန်လှပ်ထားသည်ဆိုသည့် ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၁၄(ဃ)တွင် အထက်ကဆိုခဲ့သော ရပိုင်ခွင့် သို့မဟုတ် တာဝန် သို့မဟုတ် ကြွေးမြီ သို့မဟုတ် ပြစ်ဒဏ် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် ပစ္စည်းသိမ်းယူခံရခြင်းတို့နှင့်စပ်လျဉ်းသော စုံစမ်းစစ်ဆေးမှု၊ မှုခင်း၊ တရားစွဲဆိုလျှောက်ထားနိုင်ခွင့်တို့ကို မထိခိုက်စေရ။ ရုပ်သိမ်းခြင်းခံရသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်နေသေးပြီးသကဲ့သို့ ဆက်လက်ပြုလုပ်နိုင်သည့်အပြင် ယင်းဥပဒေအရ ပြစ်ဒဏ်ပေးခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်းတို့ကို ဆက်လက်ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် ရပိုင်ခွင့်များသာမက တာဝန်၊ ကြွေးမြီများ၊ တရားစွဲဆိုမှုများ၊ ပြစ်ဒဏ်ပေးမှုများ၊ ပြည်သူ့ဘဏ္ဍာသိမ်းယူခြင်းများကိုလည်း ဥပဒေဖြစ်နေဘိသကဲ့သို့ ဆက်လက်ဆောင်ရွက်နေမည်ဟုသာ ပြဋ္ဌာန်းထားခြင်းသာဖြစ်ပါတယ်။

ပုဒ်မ ၁၄ ပုဒ်မခွဲ(ဃ)ပါ ခြွင်းချက်အနေဖြင့် ရုပ်သိမ်းခြင်းပြုသောဥပဒေ၌ တစ်နည်းတစ်ဖုံ ဖော်ပြလျှင် ယင်းသို့ဖော်ပြသည့်အတိုင်းသာ ဖြစ်စေရမည်ဆိုသည့်အချက်ဟာ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆ တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ နိုင်ငံသားဖြစ်ပြီးသူဆိုသည့် စကားရပ်သည် အထက်တွင်ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း ရုပ်သိမ်းခဲ့တဲ့ ဥပဒေ(၂)ရပ်အပြင်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများကို နိုင်ငံသားဖြစ်မှု ဆုံးရှုံးခြင်းမရှိစေရန် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၆ တွင် တစ်နည်းတစ်ဖုံ ပြန်လည်ဖော်ပြ ပြဋ္ဌာန်းခြင်းသာဖြစ်တယ်ဆိုတာ ကန့်ကွက်သူများမှ မြန်မာနိုင်ငံသားဥပဒေအပေါ်မှာ နှံ့နှံ့စပ်စပ်မရှိ၍သာ ကန့်ကွက်ခြင်းဖြစ်နိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ကန့်ကွက်စာမှာပါရှိသော ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုချက် ဥပဒေပုဒ်မ ၁၅ အရ ရုပ်သိမ်းပြီးသည့် ဥပဒေ(၂)ရပ်ကို လုံးဝဆက်လက်အသုံးပြု၍မရတော့သည်မှာ အထင်အရှားဖြစ်တယ်ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီးတော့မှ ဆက်လက်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ၎င်းဥပဒေပုဒ်မ ၁၅ မှာ ဥပဒေတစ်ရပ်ရပ်ကို အခြားဥပဒေတစ်ရပ်ရပ်အဖြစ် ကျင့်သုံးပြီးနောက် ယင်းသို့ ရုပ်သိမ်းပြီးဖြစ်သော ဥပဒေကို တစ်ဖန် ရုပ်သိမ်းပြန်လျှင် ရုပ်သိမ်းခြင်းခံရသော မူလဥပဒေသည် ပြန်လည်၍အာဏာမတည်စေရဟု ပြဋ္ဌာန်းထားတာ တွေ့ရမှာ ဖြစ်ပါတယ်။ ယခင် နိုင်ငံသား

ဖြစ်မှုဆိုင်ရာဥပဒေနှစ်ရပ်ကို မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇၆ ဖြင့် ရုပ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ ရုပ်သိမ်းပြီးဖြစ်သည့်ဥပဒေသည် မြန်မာနိုင်ငံသားဥပဒေဖြစ်ပါတယ်။ ထိုမြန်မာနိုင်ငံသားဥပဒေကို တစ်ဖန်ရုပ်သိမ်းသည့်ဥပဒေမရှိသေးပါသဖြင့် အဆိုပါဥပဒေ ၁၅ အား လိုက်နာဆောင်ရွက်ရန်မလိုဘဲ ဥပဒေအပေါ် အယူအဆမှားယွင်းပြီး ကန့်ကွက်နေခြင်းဖြစ်နိုင်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်ကွက်စာမှာ ရုပ်သိမ်းထားပြီးဖြစ်သော နိုင်ငံသားဖြစ်မှုဥပဒေနှစ်ရပ်ကို မိမိဝန်ကြီးဌာနမှ လက်ခံကျင့်သုံးဆောင်ရွက်နေခြင်းမှာ ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ(င)နှင့် လုံးဝဆန့်ကျင်နေပါတယ်ဟု ဖော်ပြထားမှုကို ဆက်လက်ရှင်းလင်းသွားမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ(င)တွင် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ၎င်းပြဋ္ဌာန်းချက်သည် ကန့်ကွက်စာပါ ရုပ်သိမ်းသည့်ဥပဒေကို ဆက်လက်ကျင့်သုံးဆောင်ရွက်နေကြောင်းဆိုသည့်အချက်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိသဖြင့် အခြေခံဥပေဒပုဒ်မ ၉၇ ပုဒ်မခွဲ(င)နှင့် လုံးဝဆန့်ကျင်နေတယ်လို့ ဖော်ပြချက်ဟာ မသက်ဆိုင်သော ဥပဒေကို ကိုးကားချက်သာဖြစ်နိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ထို့ကြောင့် ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ တင်ပြသော ဘူးသီးတောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူ ၁၁၅၃ ဦးတို့မှ ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားစိစစ်မှုနှင့်ပတ်သက်သည့် မြန်မာနိုင်ငံသားဥပဒေကျင့်သုံးမှုတွင် ဥပဒေအယူအဆများနှင့် ကန့်ကွက်တင်ပြချက်များမှာ တည်ဆဲမြန်မာနိုင်ငံသားဥပဒေအား နားလည်သဘောပေါက်ခြင်းမရှိသည့်အတွက် ဥပဒေနှင့်မညီဘဲ ဘင်္ဂါလီတွေကို နိုင်ငံသားပေးဖို့အတင်းအကြပ် အကောင်အထည်ဖော်နေသည်ဟု အထင်အမြင်လွဲမှားစွပ်စွဲနေခြင်းသာဖြစ်ကြောင်း၊ ယူဆကြပါကြောင်းတင်ပြပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရမှ ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိသော နိုင်ငံသားစိစစ်ရေးလုပ်ငန်းအပေါ်မှာ ဘူးသီးတောင်မြို့နယ်မှ ရခိုင်တိုင်းရင်းသားပြည်သူများ သိရှိနားလည်စေရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပြန်လည်အသိပေး ရှင်းလင်းပြောကြားပေးစေလိုကြောင်းနှင့် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ထပ်မံသိရှိလိုသော အချက်များရှိပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား

ဝန်ကြီးဌာနအနေဖြင့် နားလည်သဘောပေါက်သည်အထိ ဥပဒေအကိုးအကားများဖြင့် ထပ်မံ၍ ပြည့်ပြည့်စုံစုံပြည်လည် ရှင်းလင်းဖြေရှင်းပေးရန် အသင့်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်မဟုတ်ပါဘူးခင်ဗျား။ ဒေါ်ခင်စောဝေက လွှတ်တော်ဥက္ကဋ္ဌထံကို ဒီကိစ္စနှင့်ပတ်သက်ပြီး သိရှိလိုတဲ့အတွက် ဆောင်ရွက်ပေးဖို့ တင်ပြလာတဲ့အတွက် လာရောက်ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ဒေါ်ခင်စောဝေကို မိုက်ပေးပါ။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ ကျွန်မတို့အခု မေးတာကရခိုင် ပြည်နယ်က ဒေသခံပြည်သူများဖြစ်တဲ့အတွက် အခုလိုပဲ ကျွန်မတို့ ပြည်သူ့လွှတ်တော်မှာ လာဖြေသွား သလိုပဲ ကျွန်မတို့ဒေသခံတွေကို ဒီသက်ဆိုင်ရာပုဂ္ဂိုလ်ကြီးတွေက လာရောက်ပြီးရှင်းပြပေးတယ်ဆိုရင် သူတို့မေးချင်တဲ့ မေးခွန်းတွေကိုလည်း ပြန်မေးလို့ရပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်မအနေနဲ့ ဒီလို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်က ပုဂ္ဂိုလ် တချို့နဲ့ တွေ့ဆုံပြီး ပြောပြနိုင်ခွင့်ကို ကျွန်မအနေနဲ့ တောင်းဆိုချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ကျေးဇူးတင်ပါတယ်။ ဒေါ်ခင်စောဝေရဲ့ စေတနာကိုလည်း ကျွန်တော် တို့ အသိအမှတ်ပြုပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း သူ့ဟာသူ အဆင့်ဆင့် အဖွဲ့အစည်းများ ကို ဖွဲ့စည်းထားပြီးဖြစ်တဲ့အတွက် သိလိုသည်များကိုလည်း သက်ဆိုင်ရာဦးစီးဌာနများမှ မေးမြန်းလို့ ရပါတယ်။ ဒါ့ထက်မက သိချင်လာတာရှိရင်လည်း ကိုယ်စားပြုထားတဲ့ မိမိတို့ရဲ့ လွှတ်တော်ကိုယ်စား လှယ်ကနေတစ်ဆင့် မေးမြန်းလို့လည်းရပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီး ဌာနကနေပြီးတော့လည်း ကြိုဆိုထားပါတယ်။ သိလိုတာရှိရင် မရှင်းလင်းတာရှိရင် ရှင်းလင်သည်အထိ ဖြေဆိုပေးပါ့မယ်လို့ ပြည်ထောင်စု ဒုတိယဝန်ကြီးကလည်း ဖြေသွားပြီးသားဖြစ်ပါတယ်။ ဒါ့ကြောင့် မို့လို့ ကိုယ့်မှာ သိစရာ၊ မေးစရာများရှိရင် ဆက်လက်ပြီးမေးမြန်းနိုင်ပါတယ်။ ဒီနေ့အတွက်ကတော့ လာပြီးရှင်းလင်တင်ပြပေးတဲ့အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဒုတိယ ဝန်ကြီးကို ကျေးဇူးအထူးတင်ရှိကြောင်း ကျွန်တော် မှတ်တမ်းတင် ပြောကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

## ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ကျွန်တော်တို့ အစီအစဉ် ၅ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ အစီအစဉ် ၅ ပြီးပါပြီ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။လွှတ်တော်

ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်တဲ့အတွက် အစီရင်ခံစာတင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာနေလင်း(အတွင်းရေးမှူး၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အားလုံးသိကြပြီးတဲ့အတိုင်း ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်းဖြစ်ပါတယ်။ ပထမဆုံး ကျွန်တော်တို့ ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၅)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့အစီရင်ခံစာကို ဖတ်ကြားခွင့်ပြုခဲ့တဲ့ ကျွန်တော်တို့ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးကျော်မြင့်နှင့်တကွ ကျွန်တော်တို့ကော်မတီအဖွဲ့ဝင်များအားလုံးကို ဖတ်ကြားတင်ပြခွင့်ပြုတဲ့အတွက်ကြောင့် ကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ဒီကနေ့ ကျွန်တော်တင်ပြမယ့်အစီရင်ခံစာဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် (၅)နှစ်တာကာလအတွင်းမှာ ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေကို အနှစ်ချုပ်တင်ပြခြင်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကျင်းပတဲ့ အကြိမ်တိုင်း၊ အကြိမ်တိုင်းမှာ ကျွန်တော်တို့ကော်မတီအနေနဲ့ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းမှန်သမျှကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်သူ့လွှတ်တော်ရုံးကို ပုံမှန်အစီရင်ခံစာ မပျက်မကွက်တင်ပြခဲ့တဲ့ ကော်မတီဖြစ်ပါကြောင်း ပဏာမဦးစွာတင်ပြလိုပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နောက်ဆုံးတင်ခဲ့တဲ့ အစီရင်ခံစာတွေပဲဖြစ်ပါတယ်။ ကျွန်တော် ခုနကတင်ပြခဲ့သလိုပဲ ပြည်သူ့လွှတ်တော်ကျင်းပတဲ့ အကြိမ်တိုင်း၊ အကြိမ်တိုင်းမှာ ကျွန်တော်တို့ကော်မတီဟာ အစီရင်ခံစာကို ပုံမှန်မပျက်မကွက်တင်ပြခဲ့တဲ့ ကော်မတီတစ်ခုဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်တင်ပြချက် အစီရင်ခံစာကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကြိုတင်ဝေငှထားပြီးဖြစ်ပါတယ်။ ဒါကလည်း အနှစ်ချုပ်ပဲဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ရုံးကိုတော့ နောက်ဆက်တွဲအပြည့်အစုံနဲ့ စာအုပ်ချုပ်ပြီးတော့ တင်ပြထားပြီးဖြစ်ပါတယ်။

အခုကျွန်တော်တို့တင်ပြထားတဲ့ အစီရင်ခံစာ နိဒါန်းပိုင်းမှာ ကျွန်တော်တို့ကော်မတီကို ၅-၉-၂၀၁၁ ရက်နေ့က နေစတင်ဖွဲ့စည်းခဲ့တယ်။ ရည်ရွယ်ချက်မှာတော့ ကျွန်တော်တို့ ကော်မတီကို ပြည်သူ့လွှတ်တော်ကနေ ရည်မှန်းချက်(၃)ခုနဲ့ ဆောင်ရွက်ရန်ဆိုပြီးတော့ ကော်မတီရဲ့လုပ်ငန်းစဉ် ရည်ရွယ်ချက်ကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ လုပ်ငန်းစဉ်(၃)ရပ်မှာ (၁) ပြည်သူလူထုရဲ့ကျန်းမာရေး တိုးတက်မြင့်မားရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ဥပဒေများကို ပြန်လည်သုံးသပ်ဖို့၊

(၂) က ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်စပ်လျက်ရှိတဲ့ တိုင်ကြားစာများ၊ အသနားခံစာများနှင့်တင်ပြချက်များကို ကြားနာစိစစ်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးဖို့နဲ့ (၃)ကတော့ ပြည်သူလူထုရဲ့ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားဖို့၊ သက်တမ်းစေ့ အသက်ရှည်နေထိုင်ဖို့နှင့် ရောဂါဘယကင်းရှင်းဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ ဒါကော်မတီအတွက်ကို ပြည်သူ့လွှတ်တော်ကနေ လမ်းညွှန်ချက်ပဲဖြစ်ပါတယ်။ ဒီလမ်းညွှန်ချက်အတိုင်း ကျွန်တော်တို့ ကျန်းမာရေးမြှင့်တင်မှုကော်မတီကို ကျွန်တော်တင်ပြခဲ့တဲ့ ၅-၉-၂၀၁၁ ရက်နေ့ကနေ လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးနဲ့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဆရာကြီးဒေါက်တာဦးကျော်မြင့်နှင့် အတွင်းရေးမှူး ကျွန်တော်အပါအဝင် အားလုံးစုစုပေါင်း ဆရာဝန် ခုနစ်ဦး၊ ဆရာဝန်မဟုတ်တဲ့ ပုဂ္ဂိုလ်အားလုံး ရှစ်ဦး အားလုံးစုစုပေါင်း (၁၅)ဦး နဲ့ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဲဒီလိုဖွဲ့စည်းခဲ့ပြီးတဲ့နောက်မှာ ၂၀၁၂ ခုနှစ်မှာ ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့တာ တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်မှာပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့တာ ငါးကြိမ်နဲ့ ၂၀၁၄ ခုနှစ်မှာ ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့တာ တစ်ကြိမ်။ အဲဒီတော့ အကြိမ်တိုင်း၊ အကြိမ်တိုင်းပြန်ပြီးတော့ ချုပ်ကြည့်လိုက်လို့ရှိရင်တော့ အားလုံး ဆရာဝန်က ခုနစ်ဦး၊ ဆရာဝန်မဟုတ်တဲ့သူက ရှစ်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို လေ့လာသူအနေနဲ့ ထည့်သွင်းဖွဲ့စည်းခဲ့တာ လေးဦး၊ နောက်ကော်မရှင်ကနေ ကျွန်တော်တို့ကို ဥပဒေရေးရာနှင့်ပတ်သက်ပြီးတော့ အကြံဉာဏ်ပေးဖို့အတွက် တွဲဖက်တာဝန်ပေးတဲ့ ပုဂ္ဂိုလ်တစ်ဦး ဒါတွေနဲ့ ကျွန်တော်တို့ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

ရည်ရွယ်ချက်များမှာတော့ ခုနက ကျွန်တော်ပြောခဲ့တဲ့အတိုင်း ရည်ရွယ်ချက်အတိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြထားပါတယ်။ (၁) ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ဥပဒေများနဲ့ ပတ်သက်ပြီးတော့ စိစစ်သုံးသပ်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့လုပ်ငန်းတာဝန်၊ ရည်မှန်းချက်တာဝန်လုပ်ငန်းစဉ်(၁)မှာပါတဲ့အတိုင်းပဲ ဥပဒေနဲ့ပတ်သက်ပြီး ကျန်းမာရေးမြှင့်တင်မှုကော်မတီအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ဥပဒေပေါင်း ၂၁ ခုရှိပါတယ်။ အဲဒီ ၂၁ ခုမှာ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုပြီး နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးအတည်ပြုပြီးတဲ့ ဥပဒေအားလုံး ၁၂ ခုရှိပါတယ်။ ပြီးခဲ့တဲ့ရက်က ပြည်ထောင်စုလွှတ်တော်ကနေ နောက်ဆုံးအတည်ပြုပြီးတဲ့ ကိုယ်အင်္ဂါနဲ့ပတ်သက်တဲ့ဥစ္စာတစ်ခု၊ သွေးနှင့်သွေးပစ္စည်းတစ်ခု အားလုံးစုစုပေါင်း ၁၄ ခု အားလုံး ၂၁ ခုရှိတဲ့အနက်မှာ ပြည်ထောင်စုလွှတ်တော်ကနေ အားလုံးအတည်ပြုပြီးတဲ့ဥပဒေပေါင်း ၁၄ ခုရှိပါတယ်။

ကျန်တဲ့ဥပဒေ သုံးခုက ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ကျင့်သုံးဖို့ဆိုပြီးတော့ ဆက်လက်ဆောင်ရွက်သွားမယ့်ဥပဒေ သုံးခုဖြစ်ပြီးတော့ ကျန်တဲ့ဥပဒေလေးခုကတော့ ရှေ့နေချုပ်ရုံးကို ကျန်းမာရေးဝန်ကြီးဌာနကနေ ပြန်လည်ပြုပြင်သုံးသပ်ပြီးတော့ ရေးဆွဲတင်ပြထားဆဲဖြစ်တဲ့ အတွက်ကြောင့် လွှတ်တော်ကာလ (၅)နှစ်အတွင်းမှာ ကျွန်တော်တို့ကော်မတီအနေနဲ့ ဥပဒေပေါင်း ၂၁ ခုရှိတဲ့ အနက်မှာ အားလုံးစုစုပေါင်း ၁၄ ခုကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒါကိုလည်း လွှတ်တော် ကိုယ်စားလှယ်ကြီးများထံမှာ ဥပဒေနဲ့ပတ်သက်တဲ့ နောက်ဆက်တွဲ(ခ)နဲ့ ပူးတွဲဖော်ပြထားပြီးဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ရည်ရွယ်ချက်(၂)မှာပါတဲ့အတိုင်းပဲ တင်ပြစာများ၊ တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးကနေ (၁၂)ကြိမ်မြောက်အစည်းအဝေးအထိ တင်ပြစာပေါင်းအားလုံး ၅၃၉ စောင် ရှိပါတယ်။ ၅၃၉ စောင်မှာ အဓိကအများစုကတော့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကနေ မိမိရဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တွေ၊ နောက်တစ်ခါ ပြည်သူလူထုရဲ့လိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့ဆိုပြီးတော့ ကျွန်တော်တို့ကော်မတီကိုတင်ပြလာတဲ့ အထူးသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲတွေရရှိဖို့၊ ကျေးလက်ကျန်းမာရေးဌာနတွေ၊ တိုက်နယ်ဆေးရုံတွေ၊ (၁၆)ခုတင်ကနေ (၂၅)ခုတင်၊ (၂၅)ခုတင်ကနေ ခုတင်(၅၀)အစရှိသဖြင့် ဒါတွေကိုတိုးမြှင့်တောင်းခံတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ကျန်းမာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတဲ့အခါကျ ဆေးရုံကြီးများ အဆင့်မြှင့်တင်ရေး၊ ဆေးရုံသုံးစက်ပစ္စည်းကိရိယာများဖြည့်ဆည်းရေးနှင့် ဆေးရုံသုံးမော်တော်ယာဉ်များ၊ Ambulance ကားများ၊ နောက် ကျန်းမာရေးဝန်ထမ်းများ အပြောင်းအရွှေ့အစရှိသဖြင့် တင်ပြလာချက်တွေအားလုံးကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

နောက် တိုင်ကြားစာပေါင်းအားလုံး ၃၁ စောင်ရှိပါတယ်။ တိုင်ကြားစာနဲ့ပတ်သက်ပြီးတော့ အများစုကတော့ ဆရာဝန်တွေအပေါ်မှာ၊ ဆေးဝါးကုသမှုအပေါ်မှာ မကျေနပ်ချက်တွေ၊ ဆေးတက္ကသိုလ်စာမေးပွဲ ကျရှုံးတဲ့အတွက်ကြောင့် ဆက်လက်တက်ရောက်ခွင့်နဲ့ပတ်သက်ပြီးတော့၊ ပိတ်ပင်ခံရမှုနဲ့ပတ်သက်ပြီး တိုင်ကြားစာတွေ၊ ဝန်ထမ်းရေးရာအထက်/အောက် အဆင်မပြေမှုနဲ့ ပတ်သက်ပြီးတော့ တိုင်ကြားစာများ အားလုံးစုစုပေါင်း ကျွန်တော်တင်ပြခဲ့တဲ့ ၃၁ စောင်ကိုတော့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနရော၊ မြန်မာနိုင်ငံဆေးကောင်စီနဲ့

ရော ညှိနှိုင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီတင်ပြစာနှင့်တိုင်ကြားစာများကိုလည်း နောက်ဆက်တွဲ (ဂ)နဲ့ဖော်ပြထားပါတယ်။

နောက် လုပ်ငန်းတစ်ခုဖြစ်တဲ့၊ ဆောင်ရွက်ချက်တစ်ခုဖြစ်တဲ့ အမျိုးသားစီမံကိန်း၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းများအား စိစစ်သုံးသပ်ခြင်းနှင့်ပတ်သက်ပြီးတော့လည်း တက်ရောက် လာကြတဲ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိကြတဲ့အတိုင်းပဲ ကျွန်တော်တို့ ငွေစာရင်းတွေနဲ့ ပတ်သက်ပြီးတော့၊ အမျိုးသားစီမံကိန်းတွေနဲ့ပတ်သက်ပြီး မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ် တွေ၊ စီမံကိန်းရဲ့ရငွေ၊ သုံးငွေတွေ၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ် အစရှိသဖြင့် ဒါတွေ အားလုံး ဝန်ကြီးဌာနများ စိစစ်တဲ့အပြင်ကို အထူးသဖြင့် ကျွန်တော်တို့ကော်မတီအနေနဲ့ကတော့ ကျန်းမာရေးဝန်ကြီးဌာနကို ပိုပြီးတော့ အလေးပေးပြီးတော့ ဆောင်ရွက်ခဲ့တာ ဒါကလည်း ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကနေ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အောင်မြင်စွာနဲ့ ကျွန်တော် တို့ ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

နောက်လုပ်ငန်းတစ်ခုကတော့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခြင်းဖြစ်ပါ တယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ ဒီ (၅)နှစ်တာကာလအတွင်းမှာ ကော်မတီတွင်းအစည်းအဝေး (၁၂)ကြိမ်၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းအစည်းအဝေး (၇)ကြိမ်၊ အခြားအဖွဲ့အစည်းများနဲ့ (၂) ကြိမ် စုစုပေါင်း (၂၁)ကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ အသေးစိတ်စာရင်း နောက်ဆက်တွဲ(ဃ)မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုတော့ တင်ပြထားခြင်းမရှိပါဘူး။ အသေးစိတ်စာရင်းကိုတော့ ဥက္ကဋ္ဌကြီးထံတင်ပြထားပါတယ်။

နောက် ကျွန်တော်တို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကျန်တဲ့အဖွဲ့ဝင်များအားလုံးဟာ UNAIDS, UNICEF, GLOBAL FUND, WORLD BANK အစရှိတဲ့ UN အဖွဲ့အစည်းတွေ၊ နောက်တစ်ခါ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံက လေ့လာတဲ့လွှတ်တော် ကိုယ်စားလှယ်များ၊ အိန္ဒိယနှင့်ကိုရီးယားနိုင်ငံ သံအမတ်ကြီးများအစရှိသဖြင့် နောက် အင်္ဂလန်နှင့် အမေရိကန်တို့ကလာရောက်တဲ့ လေ့လာရေးကိုယ်စားလှယ်များနဲ့ အကြိမ်ပေါင်း(၁၂)ကြိမ် ကျွန်တော် တို့တွေ့ဆုံခဲ့ပါတယ်။ နောက် ပြည်တွင်းဆွေးနွေးပွဲများနဲ့ အစည်းအဝေးများတက်ရောက်ခြင်းဖြစ်ပါ တယ်။ ကော်မတီနဲ့အဖွဲ့ဝင်အားလုံးဟာ ပြည်တွင်းပြည်ပ နိုင်ငံတကာအဖွဲ့အစည်းတွေက ကျင်းပတဲ့ ဆွေးနွေးပွဲတွေ၊ အစည်းအဝေးပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ အားလုံးစုစုပေါင်း(၄၄)ကြိမ်

တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါတွေလည်း ကျွန်တော်တို့ နောက်ဆက်တွဲ(စ)ဆိုတာ ဒီမှာတော့ ဖော်ပြမထားပါဘူး။ အကုန်လုံး အသေးစိတ်တင်ပြထားပြီးဖြစ်ပါတယ်။

နောက် ကျန်းမာရေးဆိုင်ရာကွင်းဆင်းစစ်ဆေးခြင်း ကျွန်တော်တို့ Check and Balance ဆိုတဲ့အတိုင်းပဲ ကျွန်တော်တို့ရဲ့စီမံကိန်းတွေ၊ ဆောင်ရွက်ချက်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လိုအပ်ချက်တွေအားလုံးကို မြေပြင် (On Ground) သိရှိနိုင်ဖို့အတွက် ကျွန်တော်ဦးစီးပြီးတော့ ကျန်တဲ့ အဖွဲ့ဝင်များ ဒေါက်တာစိုးသူရ၊ ဒေါက်တာအောင်သန်း၊ ဦးမြသိန်းအစရှိတဲ့ အဖွဲ့ဝင်များနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွေမှာ ကျွန်တော်တို့ ကွင်းဆင်းလေ့လာစစ်ဆေးခဲ့တာ အားလုံး (၁၆)ကြိမ် ဆောင်ရွက်ပေးခဲ့ပါတယ်။

နောက် ပြည်ပဆွေးနွေးပွဲတွေမှာ ပြည်ပဆွေးနွေးပွဲနှင့် အစည်းအဝေးတွေကို ဥက္ကဋ္ဌ၊ ကျွန်တော်တို့ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များအားလုံး ကျွန်တော်တို့ အရှေ့တောင်အာရှနိုင်ငံများနဲ့ ဥရောပနိုင်ငံအသီးသီးကို အလုပ်ရုံဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေနဲ့ ကျန်တဲ့ ပါလီမန်ဆိုင်ရာ၊ အုပ်ချုပ်မှုဆိုင်ရာအစည်းအဝေးများ စုစုပေါင်း အကြိမ်(၃၀) သွားရောက်ခဲ့ပါတယ်။ အဲဒီတော့ ဆောင်ရွက်ချက်တွေအပေါ်မှာ ကျွန်တော်တို့ ကော်မတီရဲ့သုံးသပ်ချက်ကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

သုံးသပ်ချက်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့နှစ်ပိုင်းတင်ပြထားပါတယ်။ တစ်ပိုင်းကတော့ ကျွန်တော်တို့ အားသာချက်။ ကော်မတီတွေဖွဲ့စည်းဆောင်ရွက်တဲ့အတွက်ကြောင့် လွှတ်တော်အတွင်းမှာဘာတွေများ အားသာချက်တွေရှိသလဲ၊ ဘာတွေများ အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေရှိသလဲ။ အားသာချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘာပဲဖြစ်ဖြစ် လွှတ်တော်ကနေ ရည်မှန်းချက်တွေချပေးထားတဲ့ ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ဥပဒေ(၁၂)ခုကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ထပ်မံအတည်ပြုတဲ့(၂)ခု၊ စုစုပေါင်း (၁၄)ခုကိုတော့ ကျွန်တော်တို့အောင်မြင်စွာနဲ့ သုံးသပ် အတည်ပြုပေးနိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ မိမိရဲ့ဒေသဖွံ့ဖြိုးရေးအတွက်ကော ပြည်သူလူထုတွေရဲ့လိုအပ်ချက်တွေ၊ Need တွေ၊ ဆန္ဒတွေ၊ အသံတွေ ဒါတွေအားလုံးကို နားထောင်ပြီးတော့ လွှတ်တော်တွင်းကော်မတီကို တင်ပြတဲ့အတွက်ကြောင့် ဒီကော်မတီကနေ၊ ကျွန်တော်တို့ကော်မတီကနေ စီမံကိန်းနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နောက်ကျန်းမာရေးဝန်ကြီး

ဌာနကဆောင်ရွက်ခဲ့တဲ့ ရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေး၊ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းတွေ၊ သုတေသနလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့လည်း ဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ထို့အပြင် ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိလည်း အခြားဝန်ကြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေ၊ အခြားဝန်ကြီးဌာနတွေနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ သာမန်အသုံးစရိတ်အတွက် စိစစ်အတည်ပြုပေးနိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ အားသာချက်တစ်ခုကတော့ ကော်မတီအနေနဲ့ အရည်အချင်းနဲ့အရည်အသွေး၊ ကော်မတီဝင်တွေ အရည်အချင်းနဲ့အရည်အသွေး တိုးတက်မြှင့်မားရေးအတွက် Capacity Building အတွက်ကို ပြည်တွင်းမှာရှိတဲ့အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေ၊ ပြည်ပမှာရှိတဲ့ လေ့လာရေးခရီးစဉ်တွေ၊ ဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေ၊ ကျွန်တော်တင်ပြခဲ့သလို တက်ရောက်နိုင်ခွင့်ရရှိခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ ပြည်သူလူထုအတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုအခြေအနေတွေကို ဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေအပေါ်မှာ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ကွင်းဆင်းပြီးတော့ အတိုင်းအတာတစ်ခုကို ကျွန်တော်တို့ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ ကျွန်တော်တို့အားသာချက် တစ်ခုကတော့ ပြည်သူ့လွှတ်တော်ကော်မတီရဲ့ ရုံးဝန်ထမ်းတွေ၊ ရုံးဝန်ထမ်းတွေနဲ့ပတ်သက်ပြီးတော့ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ၊ ရုံးလုပ်ငန်းကို ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းညီသလို ဆောင်ရွက်ရသလဲ၊ စာဝင်စာထွက်တွေ ဘယ်လိုတွဲရသလဲ၊ မှတ်ပုံဘယ်လိုတင်ရသလဲ၊ စာရေးပုံရေးသားနည်း ဘယ်လိုလဲဆိုတာတွေအားလုံးဟာ စွမ်းဆောင်ရည်နဲ့ ကျွမ်းကျင်မှုအပိုင်း၊ ဒီအရေအသွေးတွေကို Capacity တွေတိုးတက်မြှင့်မားလာဖို့အတွက်လည်း ကျွန်တော်ကိုယ်တိုင်ဦးစီးပြီးတော့ Jobs Training တွေ ကျွန်တော်တို့ ပေးခဲ့တာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အားလုံး ၆ ချက်၊ ၇ ချက်လောက်က ကျွန်တော်တို့ လွှတ်တော်နဲ့ကော်မတီနဲ့ အားသာချက်ဖြစ်ပါတယ်။

အားနည်းချက်တွေ။ အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေကတော့ ကျွန်တော်တို့ ကော်မတီမှာ ကျွန်တော် အခုနကတင်ပြခဲ့တဲ့ ဆရာဝန်(၇)ဦး၊ ဆရာဝန်မဟုတ်တဲ့သူ (၈)ဦး၊ တပ်မတော်သားလေ့လာသူ (၄)ဦးအစရှိသည်ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားတဲ့အတွက်ကြောင့် ဆေးပညာရပ်နဲ့ပတ်သက်ပြီးတော့ ပညာပိုင်းဆိုင်ရာနဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု ကွာခြားကြပါတယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့ ကော်မတီဝင်တွေကို အခုနက ကျွန်တော်ပြောသလို ထည့်သွင်းဖွဲ့စည်းထားတဲ့

အတွက်ကြောင့် ပညာရပ်ပိုင်းဆိုင်ရာနဲ့ ကျွမ်းကျင်မှုလုပ်ငန်းပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာဆိုတာ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာရော ဒါတွေပါပါတယ်။ ဒါတွေဟာ တူညီခြင်းမရှိတဲ့ အတွက်ကြောင့် ကိုယ်စားလှယ်တွေရဲ့ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီးတော့ စိတ်ပါဝင်စားမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ဒါအားနည်းပါတယ်။ ဒါအမှန်တရားပါပဲ။ အားလုံးလည်း ကော်မတီတွေအကုန် လုံးလည်း ဒီလိုအခြေအနေမျိုးတွေရှိမယ်လို့ ကျွန်တော်အနေနဲ့ထင်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ စီမံကိန်းတွေ၊ အစည်းအဝေးတွေ၊ ဖိတ်ကြားချင်တာတွေ၊ ရုံးလုပ်ငန်းဆိုင်ရာတွေ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်တဲ့ အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေတစ်ဆင့် ခွင့်ပြုချက်ရမှ ကျွန်တော်တို့က ဝန်ကြီးဌာနနဲ့ ဆက်သွယ် ပေါင်းစပ်လုပ်ရတာဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ဝန်ထမ်း အင်အားမလုံလောက်ဘူး။ ကျွန်တော်တို့ ကော်မတီကို စဖွဲ့တဲ့အချိန်မှာ ဝန်ထမ်းသုံးယောက်ပဲရှိတယ်။ ဝန်ထမ်းသုံးယောက်ရှိပြီးတော့ နောက်ထပ်နှစ်ယောက် တစ်ခါငါးယောက်ဖြစ်သွားပါတယ်။ ငါးယောက်ဖြစ်ပြီးတော့ နောက်တစ်နှစ်၊ နှစ်နှစ်လောက်ကြာတော့ အဲဒီထဲက နှစ်ယောက်တစ်ခါ ပြန်ထွက်သွားပြန်တယ်။ နောက်နှစ်ယောက်တစ်ခါပြန်ဝင်လာတယ်။ အဲဒီတော့ အမျိုးမျိုးပေါ့။ ဝန်ထမ်းတွေကို ကျွန်တော်တို့က ကျွန်တော်ကတော့ ရုံးလုပ်ငန်းပိုင်းဆိုင်ရာမှာ ဘာပဲဖြစ်ဖြစ် နှစ်ပေါင်း များစွာဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် ဒါ Training လည်းပေးတယ်၊ သင်လည်းပေးတယ်၊ အင်္ဂလိပ်စာရော၊ မြန်မာစာရော၊ သတ်ပုံသတ်ညွှန်းရော၊ စာရေးသားရေးပုံရေးနည်းရော။ အဲဒီတော့ ဝန်ထမ်းတွေက မငြိမ်ဘူး။ မငြိမ်တဲ့အပြင် ကွန်ပျူတာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု။ စာအုပ်ဖြစ်ဖို့ကို ကျွန်တော့်ရုံးဝန်ထမ်း ကွန်ပျူတာ Expert တစ်ယောက်တည်းနဲ့ ရိုက်ရတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ရုံးလုပ်ငန်းဝန်ထမ်းနဲ့ပတ်သက်ပြီးတော့ ရုံးဝန်ထမ်းတွေကို ရာထူးအလိုက် Training တွေ ပေးဖို့လည်းလိုပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ လွှတ်တော် ကော်မတီအတွင်းမှာ အားနည်းချက်များ၊ ကျွန်တော်တို့ ကော်မတီအတွင်းမှာ အားနည်းချက်ဖြစ်ပါ တယ်။

ဒီအပေါ်မှာ စိန်ခေါ်ချက်တွေ လာမယ့်အခုလွှတ်တော်ကာလ (၅)နှစ်အတွင်းမှာ ဒါတွေ ဖြတ်သန်းလာခဲ့တဲ့အတွက်ကြောင့် နောက်လာမည့် လွှတ်တော်ကာလ (၅)နှစ်အတွင်းမှာလည်း ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၅)နှစ်တာကာလအတွင်းမှာ စတင် ဖွဲ့စည်းခဲ့တဲ့ ကော်မတီများ အနေနဲ့ကတော့ လွှတ်တော်ပိုင်းဆိုင်ရာ အတွေ့အကြုံ အင်မတန် နုနယ်ပါ

တယ်။ ကျွန်တော်အပါအဝင် ဥပဒေပိုင်းဆိုင်ရာ။ ကျွန်တော့်အနေနဲ့ဆိုရင် ဆရာဝန်ဖြစ်တဲ့အတွက်ကြောင့် ဥပဒေနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန စီမံခန့်ခွဲတဲ့ဥပဒေလောက်ပဲ ကျွန်တော်တို့ Expert ဖြစ်ပါတယ်။ ကျန်တဲ့ မီးရထားကိစ္စ၊ ပို့ဆောင်ရေးကိစ္စ၊ သယံဇာတကိစ္စ အစရှိသည်ဖြင့် ဥပဒေပိုင်းဆိုင်ရာမှာ တော်တော်လေးလေ့လာ ပြီးတော့မှ ဒါ တစ်နှစ်၊ နှစ်နှစ် တန်ကျော်လာပြီးတော့မှ နည်းနည်းလေး အတွေ့အကြုံလေးရလာတာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ပိုင်းဆိုင်ရာမှာ အတွေ့အကြုံအနေနဲ့လည်း ဘာသာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကွာခြားတယ်။ ဥပဒေရေးရာ စိစစ်သုံးသပ်ချက်နဲ့ ထိတွေ့မှုအင်မတန်အားနည်းပါတယ်။ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအထူးလိုအပ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဖြတ်သန်းလာခဲ့တဲ့ လုပ်ငန်းအတွေ့အကြုံ၊ ပြည်သူ့လူထုနဲ့ နိုင်ငံတော်အပေါ်မှာထားရှိတဲ့ စိတ်စေတနာ၊ အားကြိုးမာန်တက် ဆောင်ရွက်လိုတဲ့စိတ်၊ ဒါတွေဟာ အဓိကဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ငန်းပိုင်းဆိုင်ရာ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနဲ့ အရည်အသွေးနဲ့ အရည်အချင်းတိုးတက်မြှင့်မားရေးအတွက် Capacity Building ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ Library နဲ့ပတ်သက်ပြီးတော့လည်း စာရွက်စာတမ်းများ စီစဉ်ဆောင်ရွက်ပေးဖို့နဲ့ ကျွမ်းကျင်ဝန်ထမ်းများ ဒီ့ထက်တိုးချဲ့ဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ နိဂုံးမချုပ်ခင်မှာ အကြံပြုလိုတာတစ်ချက်ရှိပါတယ်။ အကြံပြုလိုတာကတော့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော်မတီအားလုံး ၂၃ ခုဖွဲ့စည်းထားတဲ့အတွက်ကြောင့် ဘာပဲဖြစ်ဖြစ် ဒီပြည်သူ့လွှတ်တော် (၅)နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ ကော်မတီ စွမ်းဆောင်ရည်ဆုတော့ချီးမြှင့်သင့်တယ်လို့တော့ ထင်ပါတယ်။ အဲဒီလို ချီးမြှင့်တဲ့နေရာမှာလည်း ဒီကော်မတီတွေ ဘာတွေအလုပ်လုပ်ပြီးတော့ ဘယ်လောက်တိုင်းတာပြီးတော့၊ ဘယ်လောက်အောင်မြင်လဲဆိုတာကို ပထမ၊ ဒုတိယ၊ တတိယ အစရှိသည်ဖြင့် နှစ်သိမ့်ဆုပေါ့လေ။ ဘာပဲဖြစ်ဖြစ်ပေါ့။ ဒါတွေအားလုံးဟာ လွှတ်တော်ကာလ (၅)နှစ်အတွင်းမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ဘဝဖြတ်သန်းထားတဲ့အတွေ့အကြုံ၊ (၅)နှစ်တာကာလအတွင်း ဒီနှစ်မြှုပ်ပြီး လုပ်လာခဲ့ရတဲ့ကာလတွေဟာ ဘာပဲဖြစ်ဖြစ် Recognize လုပ်ဖို့လိုပါတယ်။ ဒါကြောင့် အမှတ်တရအနေနဲ့ ကော်မတီ စွမ်းဆောင်ရည်ဆုလေးတော့ ချီးမြှင့်ပေးဖို့တော့လိုပါတယ်။ ဒီလိုချီးမြှင့်တဲ့နေရာမှာလည်း Achievement ပေါ့။ ဒီကော်မတီတွေကို ပြည်သူ့လွှတ်တော်ကနေ ဘာတာဝန်တွေ ပေးထားသလဲ။ ဒီတာဝန်တွေကို

ဘယ်လောက်အောင်မြင်အောင် ကော်မတီတွေက စွမ်းဆောင်နိုင်သလဲ။ ဒါတိုင်းတာရမယ့် ပေတံတစ်ခုဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတော်နဲ့ ပြည်သူ့လူထုအတွက်ရော For the benefit of the country and people ကို ဘယ်လောက်အတိုင်းအတာထိ ကော်မတီက လုပ်ပေးခဲ့သလဲ။ နောက်တစ်ခါ ရုံးလုပ်ထုံးလုပ်နည်း စံအနေနဲ့ အစီရင်ခံစာတွေ ရေးသားတင်ပြပုံကအစ ဘယ်လောက်ထိ Standard ဖြစ်ပြီးတော့ လိုသလဲ အစရှိသဖြင့် ဒီပေတံနဲ့တိုင်းတာပြီးတော့ ဘာပဲဖြစ်ဖြစ် ဖြတ်သန်းလာရတဲ့ ဒီ (၅)နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ရဲ့အစီရင်ခံစာတွေဟာ ပြည်ထောင်စုလွှတ်တော်ပဲဖြစ်ဖြစ်၊ ပြည်သူ့လွှတ်တော်ပဲဖြစ်ဖြစ်၊ Libery Reference တစ်ခုအနေနဲ့ နောင်လာမယ့်လွှတ်တော်ကာလ (၅)နှစ်အတွက် နောင်လာမယ့် လွှတ်တော်ကိုယ်စားလှယ်များအတွက်လည်း ဘာပဲဖြစ်ဖြစ် Reference ဖြစ်အောင် ဒါတွေဟာ အမှတ်တရထိန်းသိမ်းထားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ (၅)နှစ်တာကာလအတွင်း ဖြတ်သန်းခဲ့ရတဲ့ဘဝ၊ အမှတ်တရဖြစ်စေချင်တာရော၊ လွှတ်တော်မှာ မှတ်တမ်းမှတ်ရာအနေနဲ့ ကျန်ရစ်ခဲ့စေချင်တာတွေအတွက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးအနေနဲ့ ကော်မတီစွမ်းဆောင်ရည်ဆုလေး ချီးမြှင့်ပေးဖို့ကိုတော့ ထည့်သွင်းစဉ်းစားပေးပါလို့ ကျွန်တော်အနေနဲ့ ပန်ကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံးဟာ လွှတ်တော်ကာလ(၅)နှစ်တာအတွင်းမှာ ကိုယ်ရဲ့တွေ့ကြုံခဲ့ရတဲ့ လုပ်ငန်းအတွေ့အကြုံ၊ ဘဝ၊ ကျွမ်းကျင်မှုတွေကို အခြေခံပြီးတော့ အတတ်နိုင်ဆုံး ကျွန်တော်တို့ ကော်မတီရဲ့စွမ်းဆောင်ရည် မြင့်မားဖို့အတွက် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောင်လာမယ့် လွှတ်တော်၊ နောင်လာမယ့် လွှတ်တော်ကိုယ်စားလှယ်များဟာလည်း ပြည်သူ့လူထုနဲ့ နိုင်ငံတော်ရဲ့အကျိုးစီးပွားကို ကျွန်တော်တို့အတူပဲ ဆထက်ထမ်းပိုး ထမ်းဆောင်ပြီးတော့ အောင်မြင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**နိဒါန်း**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ၂၇ အရ ပြည်သူ့လွှတ်တော်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၅-၉-၂၀၁၅ ရက်နေ့တွင် ကျန်းမာရေးမြှင့်တင်မှုကော်မတီကို အမိန့်ကြော်ငြာစာအမှတ်(၁၉/၂၀၁၁)ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ ကျန်းမာရေးမြှင့်တင်မှုကော်မတီအား အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

(က) ပြည်သူ့လူထု၏ ကျန်းမာရေးတိုးတက်မြင့်မားရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများကို ပြန်လည်သုံးသပ်ရန်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများနှင့်တင်ပြချက်များကို ကြားနာစိစစ်၍ ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဂ) ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေး၊ သက်တမ်းစေ့အသက်ရှည်နေထိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်

**ကျန်းမာရေးမြှင့်တင်မှုကော်မတီဖွဲ့စည်းမှုအခြေအနေ**

၃။ ကျန်းမာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၅-၉-၂၀၁၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁၉/၂၀၁၁) ဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခြင်း

(ခ) ၂၁-၈-၂၀၁၂ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၃၁/၂၀၁၂) ဖြင့် ကော်မတီအဖွဲ့ဝင် (၂)ဦး ပြောင်းလဲ၍ ပြင်ဆင်ဖွဲ့စည်းခြင်း

(ဂ) ၂၂-၃-၂၀၁၃ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၁၃)ဖြင့် ကော်မတီအဖွဲ့ဝင် (၁)ဦး ပြင်ဆင်ဖွဲ့စည်းခြင်း

(ဃ) ၉-၇-၂၀၁၃ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃) ဖြင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် (၄)ဦးကို လေ့လာသူများအဖြစ် တာဝန်ပေးခြင်း

(င) ၁၈-၇-၂၀၁၃ ရက်စွဲပါစာအမှတ် ၀၅/ပသ(ကမတ)၁/၂၀၁၃-၁၄၅ ဖြင့် ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းအား ကော်မတီတွင် တွဲဖက်တာဝန်ပေးအပ်ခြင်း

(စ) ၇-၈-၂၀၁၃ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁၇/၂၀၁၃)ဖြင့် ကော်မတီအဖွဲ့ဝင် အသစ်(၂) ဦး တာဝန်ပေးအပ်၍ ပြင်ဆင်ဖွဲ့စည်းခြင်း

(ဆ) ၇-၈-၂၀၁၃ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁၈/၂၀၁၃)ဖြင့် ကော်မတီအဖွဲ့ဝင် (၂) ဦးကိုအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်၍ ပြင်ဆင်ဖွဲ့စည်းခြင်း

(ဇ) ၉-၆-၂၀၁၄ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်(၂) ဦးအသစ် ပြင်ဆင်ပြောင်းလဲ၍ လေ့လာသူများအဖြစ် တာဝန်ပေးခြင်း

၄။ ကျန်းမာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်းတွင် ပါဝင်သော အဖွဲ့ဝင်များ၏အသေးစိတ်စာရင်းအား နောက်ဆက်တွဲ(က-၁)နှင့်(က-၂) ဖြင့်ဖော်ပြထားပါသည်။

**ဆောင်ရွက်ချက်များ**

၅။ ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများအား စိစစ်သုံးသပ်ခြင်း။ ကျန်းမာရေး ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေပေါင်း ၂၁ ခုရှိသည့်အနက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ကာလအတွင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေပေါင်း ၁၂ ခု၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဥပဒေ ၂ ခုစုစုပေါင်း ဥပဒေ ၁၄ ခုအား အတည်ပြုပြဋ္ဌာန်း ပေးနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျန်ရှိသည့် ဥပဒေများအနက် ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ကျင့်သုံးမည် ဥပဒေ ၃ ခုနှင့် စိစစ်ဆောင်ရွက်ဆဲ ဥပဒေ ၄ ခုရှိပါသည်။ ကျန်းမာရေးဝန်ကြီး ဌာနက စီမံခန့်ခွဲသော ဥပဒေများအား စိစစ်သုံးသပ်ချက်စာရင်းကို နောက်ဆက်တွဲ(ခ) ဖြင့် ဖော်ပြ ထားပါသည်။

၆။ **တင်ပြစာများစိစစ်ဆောင်ရွက်ခြင်း**။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်း အဝေးမှာ (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ တင်ပြစာပေါင်း ၅၃၉ စောင်ရှိပါသည်။ အဆိုပါ တင်ပြစာများအနက် အများစုမှာ လွှတ်တော်ကိုယ်စားလှယ်များက မိမိနယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးရန်နှင့် ပြည်သူလူထုလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တင်ပြ တောင်းခံသည့်ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် တိုက်နယ်ဆေးရုံ များ အသစ်ဆောက်လုပ်ပေးရန်နှင့် ခွင့်ပြုမိန့်ချမှတ်ပေးနိုင်ရေးများကို သက်ဆိုင်ရာ ကျန်းမာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် မိမိဒေသအတွင်းရှိ ဆေးရုံကြီးများ

အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ ဖြည့်တင်းရေး၊ ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးရေးနှင့် ဆေးရုံအဆောက်အဦးများ ပြုပြင်ပြင်ဆင်ပေးရေး လုပ်ငန်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၇။ **တိုင်ကြားစာများ စိစစ်ဆောင်ရွက်ခြင်း။** တိုင်ကြားစာများနှင့်ပတ်သက်၍ အများစုမှာ ကုသရေးဆိုင်ရာ မကျေနပ်ချက်များ၊ ဆေးတက္ကသိုလ်ဆက်လက်တက်ရောက်ခွင့် ပိတ်ပင်ခံရမှုများ၊ ဝန်ထမ်းရေးရာအဆင့်မပြေမှုများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၈။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီသို့ ပေးပို့လာသည့် တင်ပြစာများနှင့် တိုင်းကြားစာများစာရင်းအား နောက်ဆက်တွဲ(ဂ) ဖြင့် ဖော်ပြထားပါသည်။

၉။ **အမျိုးသားစီမံကိန်း ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား စိစစ်သုံးသပ်ခြင်း။**

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အမျိုးသားစီမံကိန်း ဘဏ္ဍာငွေအရအသုံးဆိုင်ရာ မူလဥပဒေကြမ်းတွင် ပါရှိသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းများ၊ ရငွေသုံးငွေများ၊ သာမန်အသုံးစရိတ်များနှင့် ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၏ ဘတ်ဂျက်ဆိုင်ရာ စာရင်းများကို စိစစ်သုံးသပ်ခြင်း၊ အထူးသဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်များနှင့် ငွေလုံးငွေရင်း အသုံးစရိတ်များအား စိစစ်၍ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၁၀။ **လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း။** ကျန်းမာရေးမြှင့်တင်မှု ကော်မတီအဖွဲ့ဝင်များအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပထမအကြိမ် လွှတ်တော်ကာလအတွင်း (၁၂)ကြိမ်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းအစည်းအဝေး (၇)ကြိမ်၊ အခြားအဖွဲ့အစည်းများနှင့် (၂)ကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှတ်တမ်းစာရင်းအား နောက်ဆက်တွဲ(ဃ)ဖြင့် ဖော်ပြထားပါသည်။

၁၁။ **နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း။** ကျန်းမာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် UNAIDS, UNICEF, WORLD BANK, GLOBAL FUND အစရှိသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ အိန္ဒိယနှင့်ကိုရီးယားဆိုင်ရာ သံအမတ်ကြီးများနှင့်လည်းကောင်း၊

အင်္ဂလန်နှင့်အမေရိကန်တို့မှ လေ့လာရေးအဖွဲ့များနှင့်လည်းကောင်း အကြိမ်ပေါင်း (၁၂)ကြိမ် လက်ခံတွေ့ဆုံခဲ့ပါသည်။ လက်ခံတွေ့ဆုံမှုမှတ်တမ်းစာရင်းအား နောက်ဆက်တွဲ(င)ဖြင့် ဖော်ပြထားပါသည်။

၁၂။ **ပြည်တွင်းဆွေးနွေးပွဲများနှင့် အစည်းအဝေးများတက်ရောက်ခြင်း။** ပထမအကြိမ် ပြည်သူ့လွှတ်တော်ကာလအတွင်း ကျန်းမာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများမှ ကျင်းပသည့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ စုစုပေါင်း(၄၄)ကြိမ် တက်ရောက်ခဲ့ပါသည်။ ပြည်တွင်းဆွေးနွေးပွဲများနှင့် အစည်းအဝေးများ တက်ရောက်မှုစာရင်းအား နောက်ဆက်တွဲ(စ) ဖြင့် ဖော်ပြထားပါသည်။

၁၃။ **ကျန်းမာရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်း။** ပထမအကြိမ် ပြည်သူ့လွှတ်တော်ကာလအတွင်း ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာနေလင်း၊ အဖွဲ့ဝင် ဒေါက်တာစိုးသူရနှင့် ဦးမြသိန်းတို့ပါဝင်သည့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများသို့ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို (၁၆)ကြိမ် ကွင်းဆင်းစစ်ဆေးပေးနိုင်ခဲ့ပါသည်။ ကျန်းမာရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုများစာရင်းကို နောက်ဆက်တွဲ(ဆ)ဖြင့် ဖော်ပြထားပါသည်။

၁၄။ **ပြည်ပဆွေးနွေးပွဲများနှင့် အစည်းအဝေးများတက်ရောက်ခြင်း။** ပထမအကြိမ် ပြည်သူ့လွှတ်တော်ကာလအတွင်း ကျန်းမာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင် (၅)ဦးတို့သည် အရှေ့တောင်အာရှနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ ကျန်းမာရေးဆိုင်ရာ၊ ပါလီမန်ဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့လည်းကောင်း၊ နာယက၏ ပြည်ပခရီးစဉ်များသို့လည်းကောင်း အကြိမ်ပေါင်း(၃၀)ကြိမ် သွားရောက်ခဲ့ပါသည်။ ပြည်ပအစည်းအဝေးများတက်ရောက်မှုစာရင်းအား နောက်ဆက်တွဲ(ဇ)ဖြင့် ဖော်ပြထားပါသည်။

**သုံးသပ်ချက်**

၁၅။ **အားသာချက်များ။** ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် ကျန်းမာရေးမြှင့်တင်မှုကော်မတီအားဖွဲ့စည်းနိုင်ခဲ့သည့်အတွက် အောက်ပါအားသာချက်များဖြစ်စေပါသည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေ(၁၂)ခုအား အတည်ပြုပြဋ္ဌာန်းပေးနိုင်ခြင်း

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုများ၏ တင်ပြချက်များအရ နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် စီမံကိန်းလုပ်ငန်းများကို သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခြင်း

(ဂ) ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်း၊ ရောဂါကုသရေးလုပ်ငန်း၊ ကျန်းမာရေးသုတေသနလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ခြင်း

(ဃ) ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် သာမန်အသုံးစရိတ်များနှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအား စိစစ်၍ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများကို ဆောင်ရွက်ပေးနိုင်ခြင်း

(င) ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီဝင်များ၏ အရည်အချင်းနှင့် အရည်အသွေး ပိုမိုမြင့်မားစေရေးအတွက် ပြည်တွင်း၊ ပြည်ပအစည်းအဝေးများ၊ ဆွေးနွေးပွဲများတက်ရောက်ခွင့်ရရှိခြင်း

(စ) ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆောင်ရွက်ချက်များအပေါ် အတိုင်းအတာတစ်ခုအထိ ကွင်းဆင်းစစ်ဆေးမှုပြုလုပ်နိုင်ခြင်း

(ဆ) ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ ရုံးဝန်ထမ်းများ၏ရုံးလုပ်ငန်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာအရည်အသွေးများ တိုးတက်မြင့်မားစေခြင်း

၁၆။ **အားနည်းချက်များ။** ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းဆောင်ရွက်မှုနှင့်ပတ်သက်၍ လုပ်ငန်းဆိုင်ရာအားနည်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးမြှင့်တင်မှုကော်မတီတွင် ဆရာဝန်များနှင့် ဆရာဝန်မဟုတ်သူများ ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် ပညာရပ်ပိုင်းဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှုကွာခြားခြင်း

(ခ) ကျန်းမာရေးမြှင့်တင်မှုကော်မတီတွင် ကော်မတီဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားသော်လည်း ပညာရပ်ပိုင်းဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု တူညီမှုမရှိခြင်းကြောင့် လုပ်ငန်းပိုင်းဆိုင်ရာစိတ်ပါဝင်စားမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း

(ဂ) ကျန်းမာရေးဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရခြင်း

(ဃ) ရုံးလုပ်ငန်းပိုင်းဆိုင်ရာတွင် ဝန်ထမ်းအင်အားလုံလောက်မှုမရှိခြင်းနှင့် ကွန်ပျူတာပိုင်းဆိုင်ရာကျွမ်းကျင်မှုဝန်ထမ်းများ ပိုမိုလိုအပ်ခြင်း

(င) သက်ဆိုင်ရာကော်မတီများတွင် ခန့်အပ်ထားသော ရုံးဝန်ထမ်းများအား ရာထူးတာဝန်များအလိုက် လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးရန်လိုအပ်ခြင်း

**စိန်ခေါ်ချက်များ**

၁၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၅)နှစ်တာကာလအတွင်း စတင်ဖွဲ့စည်းခဲ့သည့် ကော်မတီများအနေဖြင့် လွှတ်တော်ပိုင်းဆိုင်ရာအတွေ့အကြုံနုနယ်ခြင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုကွာခြားခြင်း၊ ဥပဒေရေးရာစိစစ်သုံးသပ်ချက်များနှင့် ထိတွေ့မှုအားနည်းခြင်းနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှုများ အထူးလိုအပ်ပါသည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဖြတ်သန်းလာခဲ့သည့် လုပ်ငန်းအတွေ့အကြုံနှင့် ပြည်သူလူထုနှင့်နိုင်ငံတော်အပေါ် စိတ်စေတနာထားရှိကာ အားကြိုးမာန်တက်ဆောင်ရွက်လိုသည့်စိတ်သည် အဓိကဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းပိုင်းဆိုင်ရာအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အရည်အသွေးနှင့်အရည်အချင်းတိုးတက်မြင့်မားရေးသင်တန်းများ(Capacity Building) တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကိုးကားရန်လိုအပ်သော စာအုပ်စာတမ်းများ ပြည့်စုံလုံလောက်စွာ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပံ့ပိုးကူညီခြင်းကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုအပ်ပါသည်။

**နိဂုံး**

မူကြမ်း

၁၈။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီအနေနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၅)နှစ်တာကာလအတွင်း ကိုယ်စားလှယ်များ၏ လုပ်ငန်းအတွေ့အကြုံများကို အခြေခံကာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ တိုးတက်မြင့်မားစေရေးအတွက် အတိုင်းအတာတစ်ခုအထိ စွမ်းဆောင်ပေးနိုင်ခဲ့ရာ မိမိတို့၏စွမ်းဆောင်မှုအပေါ် အခြေခံ၍ နောင်လာမည့်လွှတ်တော်များတွင်လည်း ပြည်သူလူထုနှင့်နိုင်ငံတော်၏အကျိုးစီးပွား တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျန်းမာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူးကြီး ဒေါက်တာနေလင်းက ခေါင်းစဉ်တပ်ပြီးတော့ တောင်းဆိုသွားတဲ့အတွက် ဒါ ကျွန်တော်လည်း ဆက်လက်ပြီးတော့ တင်ပြပြီးတော့ စီစဉ်နိုင်အောင် စီစဉ်ပေးဖို့ ဆောင်ရွက်ပါမယ်။ ဒါပေမယ့် တစ်ခု တင်ပြလိုတာကတော့ တစ်ဦးကောင်းတစ်ယောက်ကောင်းနဲ့မရပါဘူး။ နဂိုမူလကတည်းက ပြောခဲ့ပြီးပါပြီ။ အရင်နေ့တွေကလည်း ကျွန်တော်ပြောခဲ့ဖူးပါတယ်။ လွှတ်တော်ထဲမှာ ကြယ်ပွင့်ပြမေးခွန်းတွေ၊ ကြယ်ပွင့်မပြတွေ မေးမှ အဆိုတွေတင်၊ ဥပဒေတွေတင်မှမဟုတ်ပါဘူး။ အသံတိတ်လေးနဲ့ ဆောင်ရွက်နေတဲ့ ကိုယ်စားလှယ်များလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ အရည်အချင်းစိစစ်သတ်မှတ်ကြတဲ့နေရာမှာ မြင်တဲ့ အောင်မြင်မှုတစ်ခုတည်းကိုပဲ ကြည့်လို့တော့မရနိုင်ပါဘူး။ အရည်အချင်းသတ်မှတ်ချက်ဆိုတာလည်း ကျွန်တော်တို့ ဝိုင်းဝန်းပြီးတော့ ဆုံးဖြတ်ကြဖို့လိုမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အရင်တုန်းကလည်းပဲ ကျွန်တော်တို့ စာရေးဆရာမကြီးတစ်ဦးရေးခဲ့တာရှိပါတယ်။ အလှူ အလှူလို့ ခေါင်းစဉ်တပ်ပါတယ်။ အဲဒီမှာ အလှူပွဲကြီးဖြစ်မြောက်ဖို့အတွက်ကို အလှူရှင်၊ အလှူအစ်မနှစ်ဦးတည်းနဲ့မပြီးပါဘူး။ ဒီနေရာမှာ ပန်းကန်ဆေးတဲ့လူရော၊ ဧည့်ခံတဲ့လူရော၊ ထင်းခွဲတဲ့လူရော၊ ရေရွှေးအိုးတည်တဲ့လူရော အကုန်လုံး ဒီအလှူပွဲကြီးဖြစ်မြောက်ဖို့အတွက်ကို ရှေ့မှာမပါပေမဲ့ နောက်ကွယ်က ဆောင်ရွက်ပေးနေရတဲ့လူတွေရှိပါတယ်။ လွှတ်တော်ကြီးမှာလည်းပဲ အခုလိုပဲ ဆောင်ရွက်ပေးနေကြတဲ့အတွက် အစည်းအဝေးလာတက်တာကိုကကို ကျွန်တော်တို့အတွက် ကူညီနေတဲ့အဖွဲ့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခေါင်းဆောင်ကောင်းလိုသလို နောက်လိုက်ကောင်းတွေလည်းလိုမှာဖြစ်ပါတယ်။ လွတ်လပ်ရေးရဖို့အတွက်ကိုလည်း ဒီလိုပဲ လှည်းနေလှော်င်း မြင်းဇောင်းမကျန် အမျိုးသားအမျိုးသမီးမရွေး ရရာထင်းပဲဖြစ်ဖြစ် ဓမ္မတိုပဲဖြစ်ဖြစ်ကိုင်ပြီးတော့ ကိုင်ဆွဲပြီးတော့ တွန်းလှန်တိုက်ခိုက်ခဲ့ကြတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆုချီးမြှင့်မယ်ဆိုရင်တော့ ဒီတစ်မျိုးတည်းတောင်မကပါဘူး။ ချီးမြှင့်စရာဆုတွေကတော့ အများကြီးပေါ်ပေါက်လာမှာဖြစ်ပါ

တယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းလေးလည်း တင်ထားပါမယ်။ သက်ဆိုင်ရာကနေပြီးတော့လည်း တရားဝင်လေးလည်းပဲ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီးထံ ဆက်လက်တင်ပြမယ်ဆိုရင် ပိုပြီးတော့ ကောင်းမွန်မယ်ထင်ပါတယ်။ ဒါလည်း ကျွန်တော်ရဲ့ မှတ်ချက်ကလေးဖြစ်ပါတယ်။

**ကျန်းမာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၅-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်တဲ့အတွက် အစီရင်ခံစာတင်ပြဖို့ ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်းလင်း(ဥက္ကဋ္ဌ၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီရဲ့ တင်သွင်းတဲ့ အစီရင်ခံစာကို ကျွန်တော်ကနေပြီးတော့မှ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီလိုတင်သွင်းတဲ့နေရာမှာ လွှတ်တော်ရဲ့အချိန်ကိုငဲ့ညှာသောအားဖြင့် အဓိကကျတဲ့အချက်တွေကိုပဲ ကျွန်တော်တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီကို သတ်မှတ်ထားတဲ့လုပ်ငန်းတာဝန်ဟာ (၅)ရပ်ရှိပါတယ်-

ကော်မတီ၏ လုပ်ငန်းတာဝန်များဟာ

(က) ပြုပြင်ပြောင်းလဲသင့်သောကိစ္စရပ်များရှိပါက ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော တိုင်ကြားချက်များ၊ အသနားခံစာများအားစိစစ်၍ လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲသင့်သော ကိစ္စရပ်များရှိပါက ထိုကိစ္စရပ်များ၏ သုံးသပ်အကြံပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်။

(ဂ) နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် တည်ဆဲဥပဒေများကို လေ့လာ၍ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။

(ဃ) တည်ဆဲဥပဒေများသည် ခေတ်စနစ်နှင့် ကိုက်ညီနေပါက ယင်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးရေးအတွက် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရမည်။

(င) နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော် သို့တင်ပြရမည်ဆိုပြီးတော့ (၅)ချက်သတ်မှတ်ထားပါတယ်။

ကော်မတီရဲ့လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုအခြေအနေနဲ့ ပတ်သက်ပြီးတော့-

(၁) ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိတဲ့ တည်ဆဲဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်တွေ့ရှိက လွှတ်တော်သို့တင်ပြရန် လုပ်ငန်းတာဝန်များသတ်မှတ်ထားရန်၊ ခေတ်ကာလအခြေအနေနဲ့ ကိုက်ညီခြင်းမရှိတော့သော ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေကို ပယ်ဖျက်ရန် မြေသိမ်းအက်ဥပဒေမူကြမ်းတစ်ခုကို ကျွန်တော်တို့ကော်မတီအနေနဲ့ တင်သွင်းနိုင်ခဲ့ပါတယ်။ ဒုတိယအချက်အနေနဲ့ လွတ်လပ်မှု၊ တရားဖြင့်ဖြစ်မှု၊ မျှတမှုတို့ဖြင့် နိုင်ငံအဝှမ်းလွှမ်းခြုံ နိုင်ရန် ပြုပြင်ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲရေးအတွက် လွှတ်တော်မှတစ်ဆင့်တိုက်တွန်းရန် ဖြစ်ပြီး ထိုတိုက်တွန်းချက်များနှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကြောင့် ပြည်သူများ၏ဘဝ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေကို တင်ပြရန်တာဝန်ရှိတဲ့အလျောက် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး

မူကြမ်း

နှင့်သက်ဆိုင်သော တိုင်ကြားချက်များ၊ အသနားခံစာများ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့်စပ်ဆက်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်လွှတ်တော်သို့ တင်ပြရမှာဖြစ်တဲ့အတွက် ကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလင်းနှင့် အဖွဲ့ဝင် ဦးအောင်ဇင်တို့သည် ၁၆-၂-၂၀၁၅ ရက်နေ့မှ ၁၈-၂-၂၀၁၅ ရက်နေ့အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ မိုးညှင်းမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဖားကန့်မြို့နယ်၊ တနိုင်းမြို့နယ်များမှ ပေးပို့လာသည့် တိုင်ကြားစာအမှုတွဲ ၁၇ ခုအား မြစ်ကြီးနားမြို့သို့ သွားရောက်ကွင်းဆင်းစိစစ်ခဲ့ပါသည်။ အဆိုပါ ကချင်ပြည်နယ်ရှိ ပြည်သူများ၏ တိုင်ကြားစာများ၊ အသနားခံစာများအပေါ် စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ၂၂-၅-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၀၃/ပသ(ကမတ) ၂၂/၂၀၁၅-၁၁ ဖြင့် ပြည်သူ့လွှတ်တော်သို့တင်ပြခဲ့ပြီး ပြည်သူ့လွှတ်တော်၏ ပေးပို့ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၅-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၀/၄၅၃(၂၄-ပသ)/အဖရ(၂၀၁၅) ဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ဆက်လက်ပေးပို့ ထားကြောင်းတွေ့ရှိရပါသည်။ တတိယအချက်အနေနဲ့ အလားတူပင် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတက်မှုစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလင်းနှင့် အဖွဲ့ဝင် ဦးအောင်ဇင်တို့သည် တနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းစုမြို့နယ်၊ လောင်းလုံမြို့နယ်၊ မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်များမှ ပေးပို့လာသည့် တိုင်ကြားစာအမှုတွဲ (၁၅) ခုအား ၂၈-၇-၂၀၁၅ ရက်နေ့မှ ၃၀-၇-၂၀၁၅ ရက်နေ့အထိ ထားဝယ်မြို့နယ်သို့သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါအမှုတွဲ (၁၅) ခု အပေါ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံတင်ပြခဲ့ပြီး ပြည်သူ့လွှတ်တော်၏ ပေးပို့ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက အဆိုပါအစီရင်ခံစာကို မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ဆက်လက်ပေးပို့ထားတာကို တွေ့ရှိရပါတယ်။

ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ၏ ဆောင်ရွက်ချက်များအပေါ်သုံးသပ်ချက်-

၁။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သော တိုင်ကြားချက်များ၊ အသနားခံစာများ၊ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို စိစစ်ခြင်းနှင့်စပ်လျဉ်း၍ တိုင်ကြားစာများ၊ အသနားခံစာအများစုသည် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့်ဖြစ်ပေါ်လာသည့် တိုင်ကြားစာများ၊ အသနားခံစာများဖြစ်ကြပါတယ်။ ဤကော်မတီအနေဖြင့် အဆိုပါတိုင်ကြားစာများကို ကွင်းဆင်းစိစစ်ရာတွင်

ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးရှုထောင့်မှ စိစစ်သကဲ့သို့ အဆိုပါမြေသိမ်းမှုများသည် မြေသိမ်းဆည်းခံရစဉ်တည်ဆဲဖြစ်သည့်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိ/မရှိကို အဓိကထား၍ စိစစ်ခဲ့ကြပါတယ်။ စိစစ်တွေ့ရှိချက်များအရ ကချင်ပြည်နယ်ရှိ ပြည်သူအချို့၏ တိုင်ကြားစာအမှုတွဲ (၁၇)ခုအတွက် ပြည်သူများနစ်နာမှုမရှိစေရန်နှင့် ဥပဒေနှင့်အညီ ဖြစ်စေရန်အတွက် မြေပြန်ပေးခြင်း၊ မြေအစားထိုးပြန်ပေးခြင်း၊ ထိုက်သင့်သည့် လျော်ကြေး၊ နစ်နာကြေးများပေးစေခြင်း၊ ပိုလျှံသည့်မြေအား မူလပိုင်ရှင်ထံပြန်ပေးစေခြင်း၊ မိမိတို့လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုသူများကိုလည်း ထိုက်သင့်သောအရေးယူမှုများ ပြုလုပ်စေခြင်း စသည့် အကြံပြုတိုက်တွန်းချက် (၁၇) ချက်ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ ပြည်သူအချို့၏တိုင်ကြားစာအမှုတွဲ (၁၅)ခုအတွက် တည်ဆဲဥပဒေနှင့်အညီဖြစ်စေရန် အကြံပြုတိုက်တွန်းချက် (၁၅)ချက်တို့ကို ပြည်သူ့လွှတ်တော်ကတစ်ဆင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်ထံ ပေးပို့တိုက်တွန်းခဲ့ပါသည်။ တိုင်ကြားစာတစ်ခုချင်းအပေါ် တာဝန်ရှိသူများ၏ ဖြေရှင်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်းသည့် ပြန်ကြားချက်များကို ယနေ့အထိ ရရှိခြင်းမရှိသေးတဲ့အတွက် တိုင်ကြားသူများထံ ကျွန်တော်တို့ ကော်မတီအနေနဲ့ အကြောင်းပြန်နိုင်ခြင်းမရှိတဲ့အတွက် ကော်မတီအပေါ်မှာ ယုံကြည်အားကိုးမှုများကျဆင်းလာနိုင်ကြောင်း သုံးသပ်ရပါသည်။

တတိယအနေနဲ့ ကော်မတီအနေဖြင့် တည်ဆဲဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရန်၊ လုပ်ငန်းတာဝန်သတ်မှတ်ချက်အရ ခေတ်ကာလအခြေအနေနှင့်ကိုက်ညီခြင်းမရှိတော့သည့် ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေမူကြမ်းကို တင်သွင်းခဲ့ပြီးဖြစ်ရာ အသစ်တင်သွင်းခဲ့သော မြေသိမ်းအက်ဥပဒေမူကြမ်းကို လွှတ်တော်တွင် ဆွေးနွေး၍ အတည်ပြု/မပြုဆုံးဖြတ်သင့်ကြောင်း သုံးသပ်ရပါသည်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီအနေဖြင့် ဆောင်ရွက်ရန် လုပ်ငန်းတာဝန် (၅)ရပ် သတ်မှတ်ထားပါတယ်။ အဓိကမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတစ်ဦးချင်းစီ၏ဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံတွေ ပြည်သူကို ဗဟိုပြုသည့်အနှစ်သာရများရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည်ဟု ဤကော်မတီအနေဖြင့် ခံယူထားသည့် အလျောက် လုပ်ငန်းတာဝန် (၅)ရပ်ကို ကျေပွန်အောင် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေမည့် ပြုပြင်ပြောင်းလဲမှုရလဒ်များ ဖြစ်ပေါ်လာရေး၌ ဤကော်မတီအနေ

ဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းထံသို့ ပြည်သူ့လွှတ်တော်မှတစ်ဆင့် အကြံပြုတိုက်တွန်းရုံသာ ဆောင်ရွက်နိုင်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ စိတ်စေတနာကို အရင်းခံ၍ ထိုအကြံပြုတိုက်တွန်း ချက်များကို လေးစားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှသာလျှင် ဤကော်မတီ၏ ငါးနှစ်တာ ဆောင်ရွက်ချက်များ ပီပီပြင်ပြင်ပြီးမြောက်မည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်အစည်းအဝေးကို ၃၁-၁-၂၀၁၁ ရက်တွင် စတင်ကျင်းပခဲ့သည်။ အစည်း အဝေးကို သဘာပတိအဖြစ် ဦးဌေးဦး (ဟင်္သာတမဲဆန္ဒနယ်)မှ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် မဲဆန္ဒအရေအတွက်ဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးနန္ဒကျော်စွာတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။

ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့အရ အမြဲတမ်း ကော်မတီများဖြစ်ကြသော ဥပဒေကြမ်းကော်မတီကို ၁-၃-၂၀၁၁ ရက်နေ့တွင်လည်းကောင်း၊ ပြည်သူ့ ငွေစာရင်းကော်မတီကို ၃-၃-၂၀၁၁ ရက်နေ့တွင်လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီကို ၄-၃-၂၀၁၁ ရက်နေ့နှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ကို ၇-၃-၂၀၁၁ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွဲ့စည်းခဲ့ပြီး ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီကို ၅-၉-၂၀၁၁ ရက်နေ့တွင် ဖွဲ့စည်းမိန့်ထုတ်ပြန်ခဲ့ပါသည်။

**ကော်မတီဖွဲ့စည်းခြင်း**

၂။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ပုဒ်မ ၂၇ နှင့် ပြည်သူ့ လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ ၅-၉-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမိန့် ကြော်ငြာစာအမှတ်(၂၇/၂၀၁၁) ဖြင့် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေး ကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသော လွှတ်တော်ကိုယ်စားလှယ်များ ဖြည့်စွက်ခြင်းများ၊ ပြောင်းလဲခြင်းများ၊ အစားထိုးခြင်းများဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ(၃)ရက်နေ့

ပြည်သူ့လွှတ်တော်အမိန့်ကြော်ငြာစာအမှတ်(၁၆/ ၂၀၁၅ )ဖြင့်နောက်ဆုံးဖြည့်စွက်ခဲ့ပြီး ၁၇-၁၁-၂၀၁၅ ရက်နေ့အထိ ကော်မတီဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးအောင်သိန်းလင်း | တောင်ဥက္ကလာပမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်ဇင် | ပုဇွန်တောင်မြို့နယ်မဲဆနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးသာဝင်း | ရန်ကင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးယုံဘီး | တနသ်ာရီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ဖြုဖြုသင်း | မင်္ဂလာတောင်ညွှန့်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးသန်းစိန် | ကြည့်မြင်တိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးလှမြင့် | ဒေါပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးမောင်ပါ | ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးတင်ထွန်း | ရွှေကျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးရွှေမောင်(ခ)အဒူရာဇတ် | ဘူးသီးတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးစိုင်းအွမ်ဆိုင်မိုင်း | ကျေးသီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးတင်မောင် | ချမ်းမြသာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးနိုင်ငံလင်း | ဒက္ခိဏသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာမောင်မောင်ဝင့် | ဗဟန်းမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (တ) | ကြည်း /၂၄၂၃၀ ဒုတိယဗိုလ်မှူးကြီးလှနိုင် | | လေ့လာသူ |
| (ထ) | ကြည်း/၂၆၇၉၄ ဗိုလ်မှူးထွန်းတောက် | | လေ့လာသူ |
| (ဒ) | ရေ /၂၇၄၁ ဗိုလ်မှူးမိုးဦးကျော် | | လေ့လာသူ |
| (ဓ) | လေ /၄၀၃၈ ဗိုလ်မှူးအေးမင်းစိုး | | လေ့လာသူ |

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၃။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၄။ ကော်မတီသည် အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးက သော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီအဖွဲ့ဝင်တစ်ဦးက သော်လည်းကောင်း၊ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌကသတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသည့်အခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆို တင်သွင်းရမည်။

၅။ ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့်ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ် နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၆။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့် များနှင့် ခံစားခွင့်များရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိသည်။

၇။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့အစည်း၏အကြီးအမှူးမှတဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ချက်မခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

၈။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ ကော်မတီသည် -

(က) ပြုပြင်ပြောင်းလဲသင့်သောကိစ္စများရှိပါက ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော တိုင်ကြားချက်များ၊ အသနားခံစာများအားစိစစ်၍ လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲသင့်သော ကိစ္စများရှိပါက ထိုကိစ္စရပ်များ၏ သုံးသပ်အကြံပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြရမည်။

(ဂ) နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် တည်ဆဲဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) တည်ဆဲဥပဒေများသည် ခေတ်စနစ်နှင့် ကိုက်ညီနေပါက ယင်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးရေးအတွက် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက် ရမည်။

(င) နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြရမည်ဆိုပြီးတော့ ငါးချက်သတ်မှတ်ထားပါတယ်။

၉။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သတ်၍ သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၁၀။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

၁၁။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၀ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၅-၉-၂၀၁၂ နေ့တွင် (အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၂) အဖြင့်လည်းကောင်း ၅-၉-၂၀၁၅ နေ့တွင် (အမိန့်ကြော်ငြာစာအမှတ် ၇၇/၂၀၁၅) ဖြင့်လည်းကောင်း ကော်မတီသက်တမ်းကို တစ်နှစ်တစ်ကြိမ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များဆောင်ရွက်မှုအခြေအနေ**

၁၂။ (က) ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲပြုပြင်သင့်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ ကြယ်ပွင့်ပြ မေးခွန်း (၁၁၃) ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၁၅)ခု၊ အဆို(၁၂)ခု တင်သွင်း၍ လွှတ်တော်မှတဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းသို့ တိုက်တွန်းခဲ့ပါသည်။

(ခ) ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် တည်ဆဲဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရန် လုပ်ငန်းတာဝန် သတ်မှတ်ထားရာ ခေတ်ကာလ အခြေအနေနှင့် ကိုက်ညီခြင်း မရှိတော့ သော ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေအားပယ်ဖျက်ပြီး မြေသိမ်းအက်ဥပဒေ (မူကြမ်း) တစ်ခု တင်သွင်းနိုင်ခဲ့ပါသည်။

(ဂ) လွတ်လပ်မှု၊ တရားသဖြင့်ဖြစ်မှု၊ မျှတမှုတို့ဖြင့် နိုင်ငံအဝှမ်းလွှမ်းခြုံနိုင်ရန် ပြုပြင် ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲရေးအတွက် လွှတ်တော်မှတဆင့် တိုက်တွန်းရန်တာဝန်ရှိပြီး ထိုတိုက်တွန်းချက်များနှင့်အညီ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မှုများကြောင့် ပြည်သူများ၏ဘဝ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေကို တင်ပြရန် တာဝန်ရှိသည့်အလျောက် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော တိုင်ကြားချက် များ၊ အသနားခံစာများ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့်စပ်ဆက် လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့တင်ပြရန် တာဝန်ရှိသည့်အလျောက် ကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းလင်းနှင့် အဖွဲ့ဝင် ဦးအောင်ဇင်တို့သည် ၁၆-၂-၂၀၁၅ ရက်နေ့မှ ၁၈-၂-၂၀၁၅ ရက်နေ့အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ မိုးညှင်းမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဖားကန့်မြို့နယ်၊ တနိုင်းမြို့နယ်များမှ ပေးပို့လာသည့် တိုင်ကြားစာအမှုတွဲ (၁၇) ခုအား ကွင်းဆင်းစိစစ်ခဲ့ပါသည်။ အဆိုပါ ကချင်ပြည်နယ်ရှိ ပြည်သူများ၏ တိုင်ကြားစာများ၊ အသနားခံစာများအပေါ် စိစစ်တွေ့ရှိချက်အစီရင်ခံစာ အား (၂၂-၅-၂၀၁၅) ရက်စွဲပါစာအမှတ်၊ ၀၃/ပသ(ကမတ) ၂၂/၂၀၁၅-၁၁ ဖြင့် ပြည်သူ့လွှတ်တော်သို့တင်ပြခဲ့ပြီး ပြည်သူ့လွှတ်တော်၏ပေးပို့ချက်အရ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ (၂၅-၅-၂၀၁၅) ရက်စွဲပါစာအမှတ်၊ ၁၀/၄၅၃ (၂၄ -ပသ)/အဖရ

(၂၀၁၅)ဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ဆက်လက်ပေးပို့ထားကြောင်း တွေ့ရှိရပါသည်။

(ဃ) အလားတူပင် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတက်မှုစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သိန်းလင်းနှင့် အဖွဲ့ဝင် ဦးအောင်ဇင်တို့သည် တနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းစုမြို့နယ်၊ လောင်းလုံးမြို့နယ်၊ မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်များမှ ပေးပို့လာသည့် တိုင်ကြားစာအမှုတွဲ (၁၅) ခုအား ၂၈-၇-၂၀၁၅ မှ ၃၀-၇-၂၀၁၅ အထိ ထားဝယ်မြို့နယ်သို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါအမှုတွဲ (၁၅)ခုအပေါ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအား ၂၅-၈-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၀၃/ပသ(ကမတ)၂၂/၂၀၁၅-၁၆ ဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ထံတင်ပြခဲ့ပြီး ပြည်သူ့လွှတ်တော်၏ပေးပို့ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အဆိုပါအစီရင်ခံစာကို (၃၁-၈-၂၀၁၅) ရက်စွဲပါစာအမှတ်၊ ၃၀/၄၅၃(၂၄-ပသ)/ အဖရ (၂၀၁၅)ဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ ဆက်လက်ပေးပို့ထားသည်ကိုတွေ့ရှိရပါသည်။

**ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ၏ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ချက်-**

၁၃။ (က) ဤကော်မတီအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည်များကို ကြယ်ပွင့်ပြမေးခွန်း(၁၁၃) ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၁၅)ခု ဖြင့်လည်းကောင်း၊ အဆို (၁၂) ခုဖြင့်လည်းကောင်း ပြည်သူ့ လွှတ်တော်မှတဆင့် အစိုးရအဖွဲ့သို့ ပေးပို့တိုက်တွန်းခြင်းဖြင့် တည်ဆဲဖြစ်သောဥပဒေများအတိုင်း လိုက်နာကျင့်သုံးနိုင်ရေးအတွက် စောင့်ကြည့်ထိန်းညှိခြင်းကို အထိုက်အလျောက် ဆောင်ရွက်နိုင်ခဲ့သည်ဟု သုံးသပ်ရပါသည်။

(ခ) ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သော တိုင်ကြားချက်များ၊ အသနားခံစာများ၊ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် စပ်ဆက်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို စိစစ်ခြင်းနှင့်စပ်လျဉ်း၍ တိုင်ကြားစာများ၊ အသနားခံစာများအများစုသည် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့်ဖြစ်ပေါ်လာသည့် တိုင်ကြားစာများ၊ အသနားခံစာများဖြစ်ပါသည်။

ဤကော်မတီအနေဖြင့် အဆိုပါတိုင်ကြားစာများကို ကွင်းဆင်းစိစစ်ရာတွင် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးရှုထောင့်မှ စိစစ်သကဲ့သို အဆိုပါမြေသိမ်း ဆည်းမှုများသည် မြေသိမ်းဆည်းခံရစဉ်က တည်ဆဲဖြစ်သည့် ဥပဒေများ၊ နည်းဥပဒေ များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိ/မရှိကို အဓိကထား၍ စိစစ်ခဲ့ပါသည်။ စိစစ်တွေ့ရှိချက်များအရ ကချင်ပြည်နယ်ရှိ ပြည်သူအချို့၏ တိုင်ကြားစာအမှုတွဲ (၁၇) ခုအတွက် ပြည်သူများနစ်နာမှုမရှိစေရန်နှင့် ဥပဒေနှင့်အညီဖြစ်စေရန်အတွက် မြေပြန် ပေးခြင်း၊ မြေအစားထိုးပြန်ပေးခြင်း၊ ထိုက်သင့်လျော်ကြေး နစ်နာကြေးများ ပေးစေ ခြင်း၊ ပိုလျှံသည့်မြေအား မူလပိုင်ရှင်ထံပြန်ပေးစေခြင်း၊ မိမိတို့လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်သူများကိုလည်း ထိုက်သင့်သော အရေးယူ ခြင်းများ ပြုလုပ်စေခြင်းစသည့် အကြံပြုတိုက်တွန်းချက် (၁၇) ချက်၊ တနင်္သာရီ တိုင်းဒေသကြီးရှိပြည်သူအချို့၏ တိုင်ကြားစာအမှုတွဲ (၁၅)ခုအတွက် တည်ဆဲဥပဒေ နှင့်အညီဖြစ်စေသော အကြံပြုတိုက်တွန်းချက် (၁၁) ချက်တို့အား ပြည်သူ့လွှတ်တော်မှ တဆင့် ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူအဆင့်ဆင့်ထံသို့ ပေးပို့တိုက်တွန်း ခဲ့ပါသည်။ တိုင်ကြားစာတစ်ခုချင်းအပေါ် တာဝန်ရှိသူများ၏ဖြေရှင်း ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်းသည့် ပြန်ကြားချက်များကိုရရှိခြင်း မရှိသဖြင့် တိုင်ကြားသူများထံ အကြောင်းပြန်ကြားနိုင်ခြင်းမရှိသောကြောင့် ကော်မတီအပေါ် ယုံကြည်အားကိုးမှုများ ကျဆင်းလာနိုင်ကြောင်း သုံးသပ်ရပါသည်။

(ဂ) ကော်မတီအနေဖြင့် တည်ဆဲဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ် ပြဋ္ဌာန်းရန်များတွေ့ရှိပါက လွှတ်တော်သို့တင်ပြရန် လုပ်ငန်းတာဝန် သတ်မှတ်ချက်အရ ခေတ်ကာလအခြေအနေနှင့် ကိုက်ညီခြင်းမရှိတော့သည့် ၁၈၉၄ ခုနှစ် မြေသိမ်းအက် ဥပဒေမူကြမ်းကို တင်သွင်းခဲ့ပြီးဖြစ်ရာ အသစ်တင်သွင်းခဲ့သော မြေသိမ်းအက်ဥပဒေ မူကြမ်းကို လွှတ်တော်တွင် ဆွေးနွေး၍ အတည်ပြုမပြု ဆုံးဖြတ်သင့်ကြောင်း သုံးသပ်ရ ပါသည်။

**နိဂုံး**

၁၄။ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေး ကော်မတီအနေဖြင့် ဆောင်ရွက်ရန် လုပ်ငန်းတာဝန် (၅) ရပ် သတ်မှတ်ထားပါသည်။ အဓိကမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ

တစ်ဦးချင်းစီ၏ဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပြည်သူကို ဗဟိုပြုသည့် အနှစ်သာရများရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည်ဟု ဤကော်မတီအနေဖြင့် ခံယူယုံကြည် ထားသည့် အလျောက် လုပ်ငန်းတာဝန် (၅) ရပ်ကို ကျေပွန်အောင် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါသည်။

**ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ၏အစီရင်ခံစာနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင် ကြောင်းကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြုပြင်ပြောင်းလဲရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီရဲ့ အစီရင်ခံ စာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၅-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော် သို့ပေးပို့ထားသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို ၂၀-၁၁-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများ ကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ မိမိတို့ရဲ့ပြင်ဆင် လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၃၀-၁၁-၂၀၁၅ ရက်(တနင်္လာနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။အ စီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀-၁၁-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကို လည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ မိမိတို့ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၃၀-၁၁-၂၀၁၅ ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀-၁၁-၂၀၁၅ ရက်နေ့မှာ အမျိုးသား လွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စား လှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ မိမိတို့၏ပြင်ဆင်လိုတဲ့ဥပဒေကြမ်း ၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၃၀-၁၁-၂၀၁၅ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ငွေစုဘဏ်လုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့်ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀-၁၅-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက် မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ မိမိတို့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၃၀-၁၁-၂၀၁၅ ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀-၁၁-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူ များကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ မိမိတို့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၃၀-၁၁-၂၀၁၅ ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၂၀-၁၁-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၂၀-၁၁-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ) တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၀-၁၁-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးအောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]